၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.796, JANUARY 9, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## နိုင်ငံရေးအကျဉ်းသားများတာဝန်ယူမှုအစီအစဉ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ပြီး အဖွဲ့ချုပ်ရုံးမှာ ပြုလုပ်

**RFA ၊ ဂျန်နဝါရီ ၄ ။** ။ ဒီကနေ့ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ အထူးအစီအစဉ်တရပ်အဖြစ် နိုင်ငံရေးအကျဉ်းသားတွေကို မဲစနစ် တာဝန်ခွဲဝေယူတဲ့အစီအစဉ်တရပ်ကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်ပြီး အမျိုးသားဒီမိုကရေစီဌာနချုပ်မှာ နေ့လည် ၃ နာရီလောက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အန်အယ်ဒီခေါင်းဆောင်တွေ နဲ့ အခြားတာဝန်ယူလိုသူအားလုံးအတွက် နိုင်ငံရေးအကျဉ်းသားတွေရဲ့အမည်တွေကို မဲစနစ်နဲ့ခွဲဝေပေးခဲ့ပါတယ်။ဒီအစီအစဉ်နဲ့ပတ်သက်လို့ အဖွဲ့ချုပ်ပြောခွင့်ရ ဦးအုန်းကြိုင်က အခုလိုပြောပြပါတယ်။

"နိုင်ငံရေးအကျဉ်းသားတွေတဦးစီရဲ့ ဓာတ်ပုံ၊ နာမယ်နဲ့ နောက်ကျခံနေတဲ့အကျဉ်းထောင်၊ အဲဒါပါဝင်တဲ့ ကျွန်တော်တို့ရင်ထိုးတံဆိပ်ကလေးတွေ လုပ်ထားပါတယ်။ အဲဒီ ရင်ထိုးတံဆိပ်လေးတွေကို ကျွန်တော်တို့ ခွက်ကြီးတခွက်ထဲမှာထည့်ထားပြီးတော့ အဲဒီ နှိုက်ယူပြီးတော့ ကိုယ်မဲကျတဲ့ နိုင်ငံရေးအကျဉ်းသားကို အမြန်ဆုံးထိတွေ့ပြီးတော့ သူတို့မိသားစုကိုပါ ကူညီပံ့ပိုးနိုင်ဖို့အစီအစဉ်ပါ။

အဲဒီနေရာမှာ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးပြောတဲ့အမှာအတိုင်းဆိုလို့ရှိရင် ဒါဟာ ငွေကြေးတတ်နိုင်ဖို့ပြောတာ မဟုတ်ပါဘူး၊ နှုတ်၏စောင်မခြင်းပေ့ါဗျာ၊ သူတို့အားပေးတယ် ဆိုရင်ကိုပဲ မိသားစုတွေအားတက်ရတယ်၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအကျဉ်းသား လုပ်ဖော်ကိုင်ဖက်တွေလည်းပဲ ထောင်ထဲမှာအားတက်မယ်။ အဲဒီအတွက် ကျွန်တော်တို့ဆောင်ရွက်ခြင်းဖြစ်ပါတယ်။"

အခုလိုနာမည်တပ်ပြီး တဦးချင်းစီက တာဝန်ယူကူညီဖို့မဲဝေတာဟာ ပထမဆုံးဖြစ်ပြီး အဓိကအားဖြင့် တဦးချင်းအခြေ အနေနဲ့ သူတို့အကြောင်း အများကသိရှိစေဖို့ဖြစ်တယ်လို့ NLD နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအဖွဲ့က ဦးနိုင်းနိုင်းကပြောပါတယ်။

"အကျဉ်းကျတွေကို ကျွန်တော်တို့ကတော့ NLD အနေနဲ့တော့ လစဉ်ပုံမှန်ကူညီမယ်ပေ့ါဗျာ။ ဒါပေမဲ့ အဲဒီ ကျွန်တော်တို့ ပုံမှန်ကူညီနေတာနဲ့ထပ်လောင်းပြီးတော့ သူက ရုပ်ဝတ္ထုပစ္စည်းသော် လည်းကောင်း၊ ငွေကြေးသော်လည်းကောင်း ဒါမှ မဟုတ်လို့ရှိရင်လည်းပဲ စိတ်ပိုင်းဆိုင်ရာအားပေးမှုတွေလည်းကောင်း ဒီလို တက်ရောက်လာတဲ့ စေတနာရှိတဲ့လူတွေကနေပြီးတော့ ရင်ထိုးလေးတွေ လုပ်ထားပေးတယ်ဗျ။အကျဉ်းကျတွေအားလုံး၊ ကျွန်တော် တို့ဆက်သွယ်လို့ရတဲ့ အကျဉ်းကျတွေအားလုံးရဲ့ နာမယ်နဲ့ရင် ထိုးလေးတွေ၊ အဲဒီ ရင်ထိုးလေးတွေကို မဲနှိုက်တာပေ့ါဗျာ။ မဲကျလို့ရှိရင် သူတို့က တတ်နိုင်သမျှ မဲပေါက်တဲ့လူ၊ မဲနှိုက်တဲ့လူတွေက မဲပေါက်တဲ့ အကျဉ်းသားကိုကူညီနိုင်အောင်ဆိုပြီး။ ကျွန်တော်တို့လိပ်စာနဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေ လုပ်ပေးတယ်။"

ဒီကနေ့ညနေပိုင်းအထိ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော် ၃၀၀ နီးပါးလောက်အထိ မဲခွဲတာဝန်ယူပြီးဖြစ်ကြောင်းနဲ့ ကျန်ရှိ နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေအတွက် ဆက်လက်လုပ်ဆောင်သွားမယ်လို့သိရပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေအတွက် တာဝန်ယူလိုသူတွေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေတင်မကပဲ စေတနာရှင်ပြည်သူတွေလည်းပါဝင်နိုင်ကြောင်းသိရပါတယ်။ မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသား ၂၂၀၀ ကျော် ရှိနေပါတယ်။

| | | | | | |
|---|---|---|---|---|---|
| **၂၁ ရာစု ပင်လုံညီလာခံ ခေါ်ယူရေး အစီအစဉ် အဆင့် ၃ ဆင့်ချမှတ်** | **အမျိုးသားလူငယ်ကွန်ယက်ဖွဲ့ စည်းမှုကိစ္စ ဒုဥက္ကဋ္ဌ ဦးတင်ဦး ရှင်းလင်းပြောကြား** | **၂၀၁၀ ရွေးကောက်ပွဲလူ့ အခွင့်အရေးချိုးဖောက်မှုများအီးပ်ချ်အာရ်ဒဗ်ဗလျူ ထုတ်ပြန်** | **ဒေါ်အောင်ဆန်းစုကြည် လွတ်လာပြီးနောက် စီးပွားရေးဒဏ်ခတ်မှုအခြေအနေ** | **စောလှဘွယ် နဲ့ ဆွေးနွေးလိုတယ်လို့ နအဖကမ်းလှမ်း** | **ပါတီဖျက်သိမ်းမှုအယူခံလွှာ ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ထိုး** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၆** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၃** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၈** |

VOB အာဘော်

# အစိုးရလွှတ်တော်

မြန်မာစစ်အာဏာရှင်များက ဇန်နဝါရီ ၃၁ ရက်တွင် လွှတ်တော်ခေါ်ယူကျင်းပမည်ဟု ထုတ်ပြန်ကြေညာလိုက်သည်။ အဆင့် ၇ ဆင့်ပါသော ဒီမိုကရေစီလမ်းပြမြေပုံ၏ နောက်ဆုံးအဆင့်ရောက်ခါနီးပြီဟုဆိုသည်။ စစ်တပ်က အာဏာ ဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် နည်းမျိုးစုံဖြင့်စီစဉ်ပြုလုပ်ထားသော ရွေးကောက်ပွဲတွင် ညတွင်းချင်းစစ်ယူနီဖောင်း ချွတ်လိုက်သူ အာဏာရှင်လက်ပါးစေများက အမတ်နေရာ ၈၀%ခန့်ကို ရယူထားသည်၊ ထိုလွှတ်တော်က ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံကိုအသက်သွင်းကြလိမ့်မည်ဖြစ်သည်။

ရွေးကောက်ပွဲဝင်ပါတီအချို့မှ ရွေးချယ်ခံအမတ်များက ယခုမှ စနစ်တကျဖြင့်လွှတ်တော်တွင်းမှ ဒီမိုကရေစီရေးအတွက် လှုပ်ရှားနိုင်တော့မည်ဟုဆိုကြသည်။ လွှတ်တော်တွင်းမည်မျှပြောရေးဆိုခွင့်ရကာ ဒီမိုကရေစီရေးအတွက် မည်မျှထိရောက် စွာဆောင်ရွက်နိုင်မည်ဆိုသည်ကို တပ်အပ်မပြောနိုင်သေးပေ။ စစ်တပ်လက်ဝါးကြီးအုပ်နိုင်ငံရေးစနစ်ကို အတုအယောင် ရွေးကောက်ပွဲဖြင့် ဒီမိုကရေစီသကာသုပ်ကာ ပြည်သူနှင့်အမတ်များကို စစ်တပ်ကကျွေးတော့မည်ဖြစ်သည်။

အကြောင်းမူကား နိုင်ငံလုံခြုံရေးနှင့်စည်းလုံးညီညွှတ်ရေးကိုထိပါးမည့်အသုံးအနှုန်းများဖြင့် ပြောဆိုခြင်းမပြုရဟု လွှတ်တော်အမတ်များ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားသည်။ လွှတ်တော်တွင်းကန့်ကွက်ဆန္ဒပြပါက ထောင် ၂ နှစ်ချမည်ဟု နအဖစစ်အာဏာရှင်များကထုတ်ပြန်ထားသောဥပဒေတွင် အတိအလင်းဖော်ပြထားသည်။

နအဖ၏ ရွေးကောက်ပွဲကို ယုံစားကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသောနိုင်ငံရေးပါတီများ၏မျှော်မှန်းချက်နှင့် လက်တွေ့ ရင်ဆိုင်ကျင့်သုံးရသော အခြေအနေမည်သို့ရှိမည်ဆိုသည်ကို မကြာမီကွက်ကွက်ကွင်းကွင်းမြင်ရတော့မည်ဖြစ်သည်။

# မြန်မာနိုင်ငံတွင် တွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်ရန် ဂျပန်အခန်းကဏ္ဍ အရေးကြီး

**DVB l ဇန်နဝါရီ ၆ ။** ။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီပေါ်ထွန်းရေးအတွက် နအဖစစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေး အဖြေရှာဖို့ ဂျပန်အစိုးရရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်လို့ ဂျပန်နိုင်ငံမှာ ဂုဏ်သိက္ခာကြီးမားတဲ့ မိုင်းနီချီသတင်းစာကြီးရဲ့ အယ်ဒီတာတဦးက သုံးသပ်ရေးသားခဲ့ပါတယ်။

ဂျပန်လူမျိုးတွေအထူးမင်္ဂလာယူတတ်တဲ့ နှစ်ဆန်းတရက်နေ့မှာ ငြိမ်းချမ်း ရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ‘ယိုကန်းနော့ အရှိတခီဘိုး အုနိခိုင်အဲတဲ’ အတိတ်ကိုသုံးသပ်ပြီး မနက်ဖြန်ကို ရှေးရှုခေါင်းစဉ်နဲ့သတင်းစာမျက်နှာဖုံးမှာပါသလို စာမျက်နှာအတော်များများမှာလည်း ဒေါ်အောင်ဆန်းစုကြည်အကြောင်း ဆောင်းပါးများပါရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မိုင်းနီချီသတင်းစာကြီးမှာ လစဉ် ၁၉၉၅ ခု ၁၁ လပိုင်းကနေ ၁၉၉၆ ခု ၁၂ လပိုင်းအထိ ၅၂ ကြိမ်၊ ၁၉၉၇ ကနေ ၁၉၉၈ ခု ၆ လ ပိုင်းအထိ ၁၆ ကြိမ် စုစုပေါင်း ၆၈ ကြိမ်ရေးသားခဲ့ပြီး ဂျပန်နိုင်ငံသတင်းစာများ အသင်းကြီးက ပေးအပ်တဲ့ သတင်းစာဆုကိုလည်း ၁၉၉၆ က ရရှိခဲ့ဖူးပါတယ်။

မြန်မာအရေးလေ့လာသူ မစ္စယူကီစံကလည်း ဒေါ်အောင်ဆန်းစုကြည် ခုလို ပြန်လည်ရေးသားတာကို ဂျပန်လူမျိုးတွေအနေနဲ့ အရမ်းဝမ်းသာ ကြိုဆိုကြောင်းပြောကြားပါတယ်။လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆောင်းပါးကိုဖတ်ရှုရတဲ့အတွက် မြန်မာလူမျိုးတွေအတွက် ဝမ်းသာမိကြောင်း ဦးမြတ်သူက ပြောပါတယ်။

“ကျနော်တို့ အမျိုးသားခေါင်းဆောင်ရဲ့အတွေးအခေါ်အယူအဆမြန်မာပြည်ရဲ့ပုံရိပ်ခံစားနေရတာတွေကို မြန်မာပြည်သူတွေရဲ့ကိုယ်စား ဒေါ်အောင်ဆန်းစုကြည်က ဂျပန်ပြည်သူတွေကို ဖော်ပြပေးခွင့်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာမိပါတယ်။ ဒေါ်စုရေးတဲ့အထဲမှာ ကျနော်တို့တခု အင်မတန် သဘောကျတာက အိမ်ပြင်မလို့ ခေါင်မလုံတဲ့အတွက် ရေစိုတာကြောင့် ဒေါ်စုအိပ်ရာတွေ အကြိမ်ကြိမ်အခါခါ မိုးရွာတိုင်း နေရာရွှေ့ခဲ့ရတဲ့အကြောင်း ဒေါ်စု ရေးခဲ့ပါတယ်။”

“ဒါကြောင့်အိမ်တအိမ်ပြင်မယ်ဆိုရင်ခေါင်မလုံရင်တစက်မြိတ်အောက်ခြေအထိ မလုံခြုံဘူး၊ ခေါင်လုံရင် တစက်မြိတ်အောက်ခြေအထိ လုံခြုံမှုရှိတယ်ဆိုတာကို ဒေါ်စု နမူနာလေးပေးသွားတာဟာ ကျနော်တို့ မြန်မာပြည်ကြီးတခုလုံးကို စဉ်းစားကြည့်ရင် အုပ်ချုပ်သူအစိုးရပိုင်းက ကောင်းမွန်မှုမရှိရင်အောက်ခြေပြည်သူ အထိကို လုံခြုံမှုမရှိဘူးဆိုတာကို ဒေါ်စုက ကျနော်တို့ပြည်သူတွေကိုယ်စား ဂျပန် ပြည်သူတွေကို တင်ပြလိုက်တာပဲလို့ ကျနော်က ယူဆပါတယ်။ နောက် နအဖနဲ့ တွေ့ဆုံဆွေးနွေးဖို့အတွက် ဂျပန်အစိုးရအနေနဲ့အဓိကအခန်းကဏ္ဍကပါဝင်ဖို့လိုတယ်လို့လည်း သတင်းစာထဲမှာ သုံးသပ်ရေးသားထားပါတယ်။”

အရင်ရေးသားခဲ့တဲ့ ဆောင်းပါတွေမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာပြည်သူတွေအပေါ် စာနာထောက်ထားမှုတွေ အပြည့်အဝတွေ့ရပါတယ်လို့ သတင်းစာကြီးထဲမှာ ဖော်ပြထားခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က လစဉ် မိုင်းနီချီသတင်းစာ မှာ ၁ နှစ်ဆက်တိုက် ရေးသားမှာဖြစ်ပါတယ်။

# ၂၁ ရာစု ပင်လုံညီလာခံခေါ်ယူရေး အစီအစဉ်အဆင့် ၃ ဆင့်ချမှတ်

**VOA ၊ ဇန်နဝါရီ ၇ ။ ။** ဒုတိယပင်လုံညီလာခံ ခေါ်နိုင်ရေးအတွက် အဆင့် ၃ ဆင့်ခွဲ လုပ်ဆောင်မှာဖြစ်ပြီး ပထမအဆင့်ကို လာမယ့် ဇန်နဝါရီလ ၂၈ ရက်နေ့မှာ စတင်အကောင်အထည်ဖော်ဖို့ ဒီကနေ့ NLD ရုံးချုပ်မှာပြုလုပ်တဲ့ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မီတီရဲ့ လစဉ်ပုံမှန်အစည်းအဝေးအတွင်း ဆုံးဖြတ်လိုက်ကြပါတယ်။ ဒုတိယပင်လုံညီလာခံ ခေါ်ယူရေးအတွက် ပြီးခဲ့တဲ့နှစ် အောက်တိုဘာလ ၂၄ရက်နေ့က ကလေးမြို့မှာ NLD အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေက ဆုံးဖြတ်ခဲ့ကြတာပါ။ အပြည့်အစုံကိုတော့ ဆက်သွယ် စုံစမ်းထားတဲ့ ကိုဇော်ဝင်းလှိုင်က တင်ပြထားပါတယ်။

ဒုတိယအကြိမ်မြောက် ပင်လုံညီလာခံခေါ်ယူပြီး တိုင်းရင်းသားခေါင်းဆောင်တွေ အားလုံးသဘောတူညီချက်ရဖို့အတွက်လုပ်ဆောင်တဲ့နေရာမှာ အဆင့် ၃ ဆင့်ခွဲ လုပ်ဆောင်သွားဖို့ ဒီကနေ့ ရန်ကုန်မြို့ ရွှေဂုံတိုင်မှာရှိတဲ့ NLD ရုံးချုပ်မှာပြုလုပ်တဲ့ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မီတီရဲ့ လစဉ် ပုံမှန်အစည်းဝေးအတွင်း ဆုံးဖြတ်ခဲ့ကြတယ်လို့ CRPP အတွင်းရေးမှူးလည်းဖြစ်၊ ပြောခွင့်ရပုဂ္ဂိုလ်လည်းဖြစ်တဲ့ ဦးအေးသာအောင်က ပြောပြပါတယ်။

"ပထမတဆင့်မှာ ကျနော်တို့ ၁၉၄၇ ခုနှစ်က ကျင်းပခဲ့တဲ့ ပင်လုံနဲ့ ပင်လုံစာချုပ်အကြောင်းကို ဟောပြောပွဲလုပ်မယ်။ ဒုတိယတဆင့်ကတော့ ပင်လုံစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ်ကို ဘယ်လိုဖော်ဆောင်မလဲ။ နောက်တဆင့်ကတော့ အားလုံး အဖွဲ့အစည်းပေါင်းစုံနဲ့ ဆွေးနွေးညှိနှိုင်းပြီးတော့ ပင်လုံသဘောတူညီချက်တခုကို ဘယ်လိုရယူနိုင်မလဲ ဆိုတာတွေကို ကျနော်တို့ ဆွေးနွေးကြပါတယ်။"

ဒီအဆင့် ၃ ဆင့်စလုံးကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အဲန်ကယ်လ်တို့အနေနဲ့ အချိန်အားဖြင့် ဘယ်လောက်ကြာမယ်ဆိုတာမျိုး သတ်မှတ်ထားတာ ရှိပါသလားခင်ဗျ။ -

"အချိန်အားဖြင့်တော့ ကျနော်တို့ကတော့ အတတ်နိုင်ဆုံး အမြန်ဆုံး ဆောင်ရွက်ဖို့အတွက် ကြိုးစားသွားဖို့ရှိပါတယ်။ ဒါပေမဲ့ အချိန်ကိုတော့ ဘယ်လောက်အတွင်းမှာ ဆိုတာကိုတော့ ကျနော်တို့မဆုံးဖြတ်ရသေးပါဘူး။"

အချိန်အတိအကျပြောဖို့တော့ ခက်တာပေါ့လေ။ ဒါပေမဲ့ အဲန်ကယ်လ်တို့ စိတ်ထဲမှာ ၃ လကြာမယ်၊ ၅ လကြာမယ်။ ဒါမှမဟုတ်လည်း ၁ နှစ်ကြာမယ်၊ အဲဒီလိုမျိုး စိတ်ထဲမှာ မှန်းထားတာများ ရှိပါသလားခင်ဗျာ။ -

"ဒီလိုတော့ မှန်းထားတာမရှိပါဘူး။ ဒါပေမဲ့ အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင်တော့ ကျနော်တို့ ကြိုးပမ်းသွားမှာပါ။ ပထမအဆင့်ကိုတော့ ကျနော်တို့ ပြည်ထောင်စုနေ့မတိုင်ခင်ပဲ လုပ်မှာပါ။ အဲဒါကတော့ ၂၈ ရက်နေ့မှာ ကျနော်တို့ ဟောပြောပွဲတခု လုပ်မှာပါ။ အဓိကကတော့ တိုင်းရင်းသားခေါင်းဆောင်တွေက ဦးဆောင်ပြီးတော့ ဟောပြောမယ်။ ဒါပေမဲ့ ဟောပြောယုံသက်သက် မဟုတ်ဘဲနဲ့ ဆွေးနွေးတဲ့ပုံစံမျိုးဖြစ်အောင် ကျနော်တို့ လုပ်မှာပါ။"

လုပ်ရင်လည်း NLD ရုံးမှာပဲ လုပ်ဖြစ်မယ်ထင်ပါတယ်။ ဟုတ်ပါသလား။ -

"ဟုတ်ပါတယ်။ NLD ရုံးမှာလုပ်ဖြစ်မှာပါ။"

အဲန်ကယ်လ်တို့အနေနဲ့ပြည်ထောင်စုနေ့အခမ်းအနားကိုလည်း ကျင်းပဖို့ ပြင်ဆင်နေတယ်ဆိုတော့ ပထမအဆင့် ပြီးတဲ့နောက်မှာ ပြည်ထောင်စုနေ့ကလည်း ကျနေတော့ ပြည်ထောင်စုနေ့ အခမ်းအနားလုပ်တဲ့အခါမှာလည်းဒုတိယပင်လုံညီလာခံဖြစ်မြောက်ရေးကိုအထောက်အကူပြုစေမယ့်ပုံစံမျိုး သက်ရောက်စေမယ့် အခမ်းအနားမျိုးလားခင်ဗျ။ ဘယ်လိုစီစဉ်ထားပါသလဲ။ -

"ဟုတ်ပါတယ်။ တဆင့်စီတဆင့်စီတိုင်းမှာ ကျနော်တို့ကရည်မှန်းချက်ကို ဖော်ဆောင်နိုင်ဖို့ ရည်ရွယ်ပြီးတော့ လုပ်တာပါ။ ပြည်ထောင်စုနေ့မှာလည်းပဲ ကြေညာချက်လည်း ထုတ်မယ်။ ပြီးတော့ ပြည်ထောင်စုစိတ်ဓါတ်ကို ဖော်ပြနိုင်တဲ့ စာတမ်းလေးတစောင် ထွက်ပေါ်နိုင်အောင် ကျနော်တို့ ကြိုးပမ်းမှာပါ။"

ပြည်ထောင်စုနေ့ထုတ်မယ့်စာတမ်းက CRPP အနေနဲ့ ထုတ်မှာလားခင်ဗျ။ -

"ဟုတ်ပါတယ်။ CRPP အနေနဲ့ထုတ်မှာပါ။"

တခုရှိတာက တဖက်မှာ စစ်အစိုးရသတင်းစာအာဘော်တွေကလည်း အခုလိုဒုတိယပင်လုံညီလာခံခေါ်မယ့်ကိစ္စနဲ့ပတ်သက်ပြီး တိုက်ခိုက်တာ၊ ဝေဖန်ရေးသားတာတွေ အခုနောက်ပိုင်းတော်တော်လေးလုပ်လာတာ တွေ့ရပါတယ်။ အဲဒီဟာနဲ့ပတ်သက်လို့ရော အဲန်ကယ်လ်တို့အနေနဲ့ ဒီနေ့အစည်းအဝေးမှာပြောဆိုဆွေးနွေးကြတာရှိပါသလား။ -

"ဟုတ်ပါတယ်။ ဆွေးနွေးဖြစ်ပါတယ်။ ဒါတွေကတော့ ရှိနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ရဲ့ရည်ရွယ်ချက်၊ အမျိုးသားပြန်လည် သင့်မြတ်ရေးအပေါ်မှာထားတဲ့စိတ်ဓါတ်၊ ပြီးတော့ ကျနော်တို့ရဲ့ရှေ့ကိုသွားမယ့်ရည်မှန်းချက်ကို တမျိုးတမည်ပေါ့၊ တိုက်ခိုက်ဖို့ရည်ရွယ်တဲ့သဘောနဲ့ရေးတဲ့ ဆောင်းပါးတွေလည်း နောက်ထပ်လည်းရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒါက အဓိကမဟုတ်ပါဘူး။ ကျနော်တို့ရဲ့သွားမယ့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်မယ့် အရေးကြီးတဲ့အချက်ကို မေးကြတဲ့အခါမှာ သူတို့တွေလည်း နားလည်လာမှာပါ။"

ဒါပေမဲ့ အခုခေါ်မယ့် ဒုတိယပင်လုံညီလာခံဟာ စစ်အစိုးရကိုလိုလားတဲ့သူတွေပြောနေကြတာက သူတို့သွားနေတဲ့ ပြည်ထောင်စုစည်းလုံးညီညွတ်ရေးကို ပြိုကွဲအောင် တမင်လုပ်တာလို့ပြောကြတဲ့သူတွေရှိသလို ဒီမိုကရေစီအင်အားစုတွေ ကြားထဲမှာလဲ အခုလို ဒုတိယ ပင်လုံညီလာခံခေါ်တာဟာ ကောင်းတော့ကောင်းပါတယ်၊ ဒါပေမဲ့အချိန်အခါလွဲနေတယ်လို့ ပြောဆိုသံတွေကလည်း ရှိနေပါတယ်။ အဲဒီလိုပြောဆိုနေကြတဲ့အပေါ်မှာရော အဲန်ကယ်လ်အနေနဲ့ ဘယ်လိုမြင်ပါသလဲ၊

"ကျနော့်အမြင်ကတော့ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးကို ဖော်ဆောင်ဖို့ ကျနော်တို့ကြိုးပမ်းတာပါ။ အဓိကက ကျနော်တို့ ပြည်ထောင်စုကြီး ခိုင်မာလာဖို့ တိုင်းရင်းသားများရဲ့ သွေးစည်းညီညွတ်ရေးကို ဖော်ဆောင်နိုင်ဖို့အတွက် အားထုတ်တဲ့ကြိုးပမ်းတဲ့ကြိုးပမ်းချက်ပဲဖြစ်ပါတယ်။ အဲဒီတော့အမြင် အမျိုးမျိုးနဲ့ ကျနော်တို့ကို ဆန့်ကျင်ပြီးတော့ ပြောတာရေးတာတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့ကျနော်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ လွတ်လပ်ရေးရတာ အနှစ်

စာမျက်နှာ ၄ သို့

# လယ်သမား ၄၀၀ နီးပါး ရန်ကုန်မြို့မှာ စိတန်းလှည့်လည်ဆန္ဒပြကြ

**RFA ၊ ဇန်နဝါရီ ၆ ။** ။ ရန်ကုန် သဃ်န်းကျွန်းမြို့နယ်မှာ တောင်သူလယ်သမား ၄ ရာနီးပါး ဇန်နဝါရီ ၆ ရက် ဒီကနေ့ ဆန္ဒပြခဲ့ကြတယ်လို့ RFAက သတင်းရရှိပါတယ်။ လယ်သိမ်းခံထားရတဲ့ မြို့နယ်အသီးသီးက တောင်သူတွေဟာ သဃ်န်းကျွန်း ဘီအိုစီမှတ်တိုင်ကနေ ခရိုင်ရုံးအထိ ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြခဲ့ကြပြီး လယ်ယာလုပ်ပိုင်ခွင့် ပြန်လည်ရရှိဖို့ အာဏာပိုင်တွေထံ တောင်းဆိုခဲ့ကြတယ်လို့ အကျိုးဆောင်ရှေ့နေ ဦးဖိုးဖြူက ပြောပါတယ်။

ကုမ္ပဏီတွေက သူတို့လယ်တွေကို သိမ်းယူတဲ့အခါမှာ အစပထမတော့ အကျိုးတူလုပ်ဖို့ဆိုပြီး ကမ်းလှမ်းလာပါတယ်။ ဒါပေမဲ့နောက်ပိုင်းတဖြည်းဖြည်းနဲ့ တောင်သူတွေ လုပ်ပိုင်ခွင့်မရတော့တဲ့ အခြေအနေအထိဖြစ်ခဲ့ရတာကြောင့် အခုလို ချီတက်လမ်းလျှောက်ပြီး ဆွေးနွေးရတာ ဖြစ်တယ်လို့ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ညောင်ပင်ကျေးရွာက လယ်သမားတယောက်ကလည်း ပြောပြပါတယ်။

အခုလို လယ်သမား ၃၀၀ ကျော်က ရန်ကုန်တိုင်း ဒဂုံမြို့သစ် အရှေ့မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နဲ့ ဒဂုံတောင်ပိုင်းမြို့နယ်က အာဏာပိုင်တွေနဲ့ ခုလိုချီတက်ဆွေးနွေးလိုက်တဲ့အတွက် ရွာတရွာအတွက်တော့ လယ်ယာလုပ်ကိုင်ခွင့်ရခဲ့သလို တခြားရွာတွေအတွက်လည်း စာတင်ထားတာကို အာဏာပိုင်တွေက လက်ခံထားတယ်လို့ ဦးဖိုးဖြူက ဆက်ပြောပါတယ်။

တောင်သူလယ်သမားတွေ အခုလို ရန်ကုန်မှာ စီတန်းလမ်းလျှောက်ဆန္ဒပြခဲ့ကြတာဟာ အခု ၂၀၁၁ ခုနှစ်အတွင်း ပထမဆုံးလှုပ်ရှားမှုလည်း ဖြစ်ပါတယ်။

လယ်သမားတွေရဲ့ တောင်းဆိုချက်တချို့ကို ခရိုင်အာဏာပိုင်တွေက လိုက်လျောခဲ့တယ်လို့ သိရပါတယ်။ ရန်ကုန်တိုင်း ဒဂုံမြို့သစ် အရှေ့မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နဲ့ ဒဂုံတောင်ပိုင်းမြို့နယ်က ညောင်ပင်ရွာ၊ သရက်ပင်ချောင်ရွာ၊ ကျည်စုရွာ၊ သုံးခွရွာ၊ ထောင်တလုပ်ရွာ၊ သစ်ပင်ရွာ၊ စုစုပေါင်း ၇ ရွာက လယ်ဧက ၅၀၀၀ ကျော်ထဲက ရွာတရွာအတွက်ပဲ လယ်လုပ်ပိုင်ခွင့် ပြန်ရခဲ့တာဖြစ်ပါတယ်။

သူတို့ရဲ့လယ်တွေကို ရွှေနဂါးမင်းကုပ္ပဏီ၊ ရွှေဟိန်းထက်၊ အေရှားဝေါနဲ့ ရွှေတောင်ကုမ္ပဏီတွေက သိမ်းပိုက်ထားတာဖြစ်ပါတယ်။။

---

# ပြည်သူ့ဂုဏ်ရည် ၂၀၁၁ အတွက် အမည်စာရင်းစတင်

**RFA ၊ ဂျန်နဝါရီ ၃ ။** ။ အမေရိကန်ပြည်ထောင်စုရောက် မြန်မာနိုင်ငံသားတွေစုပေါင်းစီစဉ်တဲ့ ပြည်သူ့ဂုဏ်ရည်ဆု ၂၀၁၁ ခုနှစ်အတွက် အမည်စာရင်းတွေပေးပို့ကြဖို့ ပြည်သူ့ဂုဏ်ရည်အဖွဲ့က ဇန်နဝါရီ ၂ ရက်မနေ့ကပြောပါတယ်။

မြန်မာနိုင်ငံတွင်း လူမှုအထောက်အကူပြုလုပ်ငန်းတွေမှာ ကိုယ်ကျိုးမဖက် ဆောင်ရွက်နေသူတွေကို ဂုဏ်ပြုချီးမြှင့်ဖို့ ဒုတိယအကြိမ်မြောက်အခမ်းအနားကို လာမဲ့မေလအတွင်း ကျင်းပဖို့စီစဉ်နေတဲ့အကြောင်း အဖွဲ့ရဲ့ပြောခွင့်ရပုဂ္ဂိုလ် ကိုမောင်ရစ်ကပြောပါတယ်။

"အဲဒီအတွက် ဒီ ပြည်သူ့ဂုဏ်ရည်စေတနာရှင်တွေ၊ နောက်လုပ်အားပေးတွေက မြန်မာပြည်တွင်းမှာရှိတဲ့ စေတနာ့ဝန်ထမ်း လူမှုလုပ်ငန်း ကိုယ်ကျိုးစွန့်ပြီး စွမ်းဆောင်နေတဲ့လူတွေ၊ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို စာရင်းကောက်ယူပြီးတော့ စုဆောင်းနေတယ်၊ အဲဒီအတွက် ဒီ အများပြည်သူကနေပြီးတော့ ပြည်သူ့ဂုဏ်ရည် ဝက်ဘ်ဆိုက်ကနေ အီးမေးလ်တွေကတဆင့် စာရင်းတွေပေးပို့လို့ရတယ်၊ အမည်စာရင်းတွေတင်သွင်းလို့ရတယ်။"

"အဲဒီအမည်စာရင်းတင်သွင်းတာကို ဒီ မတ်လကုန်အထိ လက် ခံနေပါတယ်။ ဒီ မတ်လကုန်ကျော်သွားတာနဲ့ ဧပြီလအတွင်းမှာ နောက်ဆုံး ဆန်ကာတင်စာရင်းတွေထုတ်ပြန်တာတွေလုပ်မယ်။ နောက်ပြီးကျလို့ရှိရင်တော့ မဲအများဆုံးရရှိတဲ့စာရင်းကို ဒီ အင်တာနက်ကနေတဆင့် မဲဆန္ဒခံယူပြီးတော့ထုတ်ပြန်မယ်။ မေလမှာ ဒုတိယအကြိမ်မြောက် ပြည်သူ့ဂုဏ်ရည် ၂၀၁၁ ခုနှစ်၊ ဂုဏ်ပြုချီးမြှင့်တဲ့ အခမ်းအနား ကျင်းပမှာဖြစ်ပါတယ်။"

၂၀၁၁ ခုနှစ်အတွက်ဆုပေးပွဲကို ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့မှာ ကျင်းပမှာဖြစ်ပါတယ်။ နှစ်စဉ်ကျင်းပမဲ့ အခမ်းအနားဖြစ်တာကြောင့် အမေရိကန်ပြည်ထောင်စုအတွင်း ပူးပေါင်း ဆောင်ရွက်ကြတဲ့မြို့တွေမှာ အလှည့်ကျစနစ်နဲ့ရွေးချယ်ပြီး ဆုပေးပွဲ ကျင်းပမယ်လို့သိရပါတယ်။ ပြည်တွင်းမှာ စေတနာ့ဝန်ထမ်းလုပ်ကိုင်နေတဲ့ အဖွဲ့တွေ၊ စာရင်းပြုစုပြန်ကြားချက်တွေနဲ့အတူ အများဆန္ဒနဲ့ ဂုဏ်ပြုဆုချီးမြှင့်နိုင်ဖို့ ပြည်သူ့ဂုဏ်ရည်အဖွဲ့က စီစဉ်ဆောင်ရွက်နေတာပါ။

ပြီးခဲ့တဲ့နှစ်က ပထမဦးဆုံးအကြိမ်ချီးမြှင့်တဲ့ ပြည်သူ့ဂုဏ်ရည်ဆုပေးပွဲအခမ်းအနားကို လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပခဲ့ပြီး ရုပ်ရှင်သရုပ်ဆောင်ဦးကျော်သူကို အပ်နှင်းချီးမြှင့်ခဲ့ပါတယ်။ ငွေသားဆုအဖြစ် အမေရိကန်ဒေါ်လာ ငါးထောင် သတ်မှတ်ထားပါတယ်။

---

**စာမျက်နှာ ၃ မှ**

၆၀ ကျော်ပြီ။ အဓိက တိုင်းရင်းသား သွေးစည်းညီညွတ်ရေးက မဖော်ဆောင်နိုင်သေးဘူး။ ဆိုတော့ ဒါကို အဓိက ဖော်ဆောင်နိုင်ဖို့အတွက် ကြိုးပမ်းချက်ပဲ ဖြစ်ပါတယ်။"

ဒုတိယပင်လုံညီလာခံခေါ်ယူကျင်းပနိုင်ရေးအတွက် ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၂၄ ရက်နေ့က ကလေးမြို့ ဇိုမီးကွန်ဂရက်ရဲ့ (၂၂) နှစ်မြောက် အခမ်းအနားမှာ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေ အပါအဝင် ပြီးခဲ့တဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ကြတဲ့ တိုင်းရင်းသားပါတီခေါင်းဆောင်တွေက ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒုတိယပင်လုံညီလာခံ ခေါ်ယူရေးကိစ္စနဲ့ပတ်သက်လို့ ဒါဟာ စစ်အစိုးရအာဏာပိုင်တွေကို ထိပ်တိုက်တွေ့တဲ့ လုပ်ရပ်ဆိုပြီး တရားဝင်နိုင်ငံရေးပါတီတွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တချို့ကတော့ လတ်တလောမဖြစ်နိုင်သေးဘူးလို့ တုံ့ပြန်ကြတာတွေရှိပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကတော့ ဒုတိယပင်လုံညီလာခံကိစ္စဟာ အာဏာပိုင်တွေနဲ့ ထိပ်တိုက်တွေ့ဖို့မဟုတ်ဘဲ တကယ်လိုအပ်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ဖြစ်တယ်လို့ ဖြေရှင်းထားပါတယ်။

CRPP အဖွဲ့ဝင် ၁၈ ဦးရှိတဲ့အထဲက ဒီကနေ့ အစည်းဝေးကို အဖွဲ့ဝင် ၁၁ ယောက် တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ကျန်မတက်နိုင်သူတွေကတော့ ကျန်းမာရေးမကောင်းသူတွေ၊ ဖမ်းဆီးထိန်းသိမ်းခံထားရသူတွေနဲ့ ကွယ်လွန်သွားသူတွေဖြစ်တယ်လို့ သိရပါတယ်။

# အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မူဝါဒ ရှေ့မတိုး

**VOA ၊ ဇန်နဝါရီ ၆ ။** ။ နိုင်ငံရေးနဲ့ လူ့အခွင့်အရေး အခြေအနေတွေတိုးတက်မှုတွေမရှိတဲ့အတွက် ထိတွေ့ဆက်ဆံမှုတွေလည်းရှေ့မတိုးနိုင်ဘဲ ဖြစ်နေရတယ်လို့ အမေရိကန်ပြည်ထောင်စုက ပြောဆိုလိုက်ပါတယ်။ ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးတာမျိုးလို နိုင်ငံရေး၊ လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုတွေကို မြန်မာစစ်အစိုးရဘက်က လုပ်ဆောင်ဖို့ လိုနေသေးတဲ့ အကြောင်းအမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ Mark Toner) က ကြာသပတေးနေ့ဝါရှင်တန်မြို့က သတင်းစာရှင်းလင်းပွဲအတွင်း ပြောဆိုတာပါ။

"ထိတွေ့ဆက်ဆံမှုတွေ လုပ်ဆောင်ဖို့ ကျနော်တို့ ကြိုးပမ်းနေတာတွေဟာ ဝန်ခံရမယ်ဆိုရင်တော့ တိုးတက်မှုတွေ၊ အသီးအပွင့်တွေများများစားစားထွက်ပေါ်လာတာမရှိပါဘူး။ ဒါပေမဲ့လည်း သိတဲ့အတိုင်း နိုင်ငံရေး အကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့နဲ့ ဒီမိုကရေစီဆန်တဲ့ ခြေလှမ်းတွေကို သိသိသာသာ လှမ်းဖို့အတွက်လည်း ကျနော်တို့က သူတို့အပေါ် ဆက်ပြီး ဖိအားပေးနေတာဖြစ်ပါတယ်။"

စစ်အစိုးရအပေါ် ပိတ်ဆို့ဒဏ်ခတ် အရေးယူမှုတွေ ချမှတ်ထားပေမဲ့လည်း ထိတွေ့ဆက်ဆံမှုတွေ လုပ်ဆောင်သွားတဲ့ မူဝါဒတွေကိုပါ ကျင့်သုံးဖို့ သမ္မတ Barack Obama အစိုးရက ရည်ရွယ်ထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ထိတွေ့ဆက်ဆံရေး မူဝါဒတွေရဲ့ တစိတ်တပိုင်းအဖြစ် အမေရိကန်နိုင်ငံခြားရေးဌာန အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ ဒု-လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Joseph Yun ဒီဇင်ဘာလ ၇ ရက်နေ့တုန်းက မြန်မာနိုင်ငံကို ၄ ရက်ကြာ သွားရောက်ခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ အမေရိကန် ပြည်ထောင်စုအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လည်လွှတ်မြောက်ရေးလို ကိစ္စမျိုးတွေမှာ တိတိကျကျ သတ်မှတ်ချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားတဲ့ မူဝါဒမျိုး ချမှတ်သင့်တဲ့အကြောင်းနဲ့ နိုင်ငံတကာအသိုင်းအဝန်းအနေနဲ့ မြန်မာ့အရေးကို တစုတစည်းတည်း ပူးပေါင်းဆောင်ရွက်နိုင်ရင် ပိုမိုထိရောက်မှု ရှိနိုင်မယ့်အကြောင်း ဗွီအိုအေမြန်မာပိုင်းနဲ့ မေးမြန်းခန်းတခုအတွင်း ပြောဆိုခဲ့ပါတယ်။

# ညီညွတ်စွာတိုက်ပွဲဝင်ဖို့သံဃာတပ်ပေါင်းစုတိုက်တွန်း

**RFA ၊ ဂျန်နဝါရီ ၄ ။** ။ လွတ်လပ်ရေးရဲ့အနှစ်သာရတွေကို အမှန်တကယ်ခံစားနိုင်ဖို့ ပြည်သူလူထုတရပ်လုံးနဲ့ အတိုက်အခံအင်အားစုတွေအားလုံး ညီညီညွတ်ညွတ်နဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်သွားကြဖို့လိုအပ်ကြောင်း ဒီကနေ့ ၆၃ နှစ်မြောက်လွတ်လပ်ရေးနေ့မှာ သံဃာ့တပ်ပေါင်းစုက တိုက်တွန်းလှုံ့ဆော်လိုက်ပါတယ်။

မြန်မာနိုင်ငံဟာ ဗြိတိသျှလက်အောက်ကလွတ်ခဲ့ပေမယ့် ပြည်တွင်းဖြစ်စစ်အာဏာရှင်တွေလက်အောက်မှာ ပြည်သူတွေဟာလွတ်လပ်ရေး ဆက်လက်ဆုံးရှုံးနေရဆဲဖြစ်တယ်လို့ သံဃာ့တပ်ပေါင်းစု ဦးဆောင်ဆရာတော်တပါးဖြစ်တဲ့ ဦးဓမ္မသီရိကမိန့်ကြား လိုက်ပါတယ်။

ပြီးခဲ့တဲ့နိုဝင်ဘာလမှာ ရွေးကောက်ပွဲလုပ်ခဲ့ပေမယ့်လည်း စစ်အာဏာရှင်တွေကသာ အသွင်ပြောင်း ဆက်လက်အုပ်ချုပ်သွားမှာဖြစ်ကြောင်း၊ စစ်အာဏာရှင်တွေဟာ အတိုက်အခံအင်အားစုတွေအကြား ညီညွတ်မှာကိုကြောက်ရွံ့နေပြီး မညီညွတ်အောင် အမြဲဖန်တီးနေကြောင်း ဒီအချက်ကိုသတိထားပြီးဆောင်ရွက်ကြဖို့လိုကြောင်း ဦးဓမ္မသီရိကဆက်လက်မိန့်ကြားပါတယ်။

စစ်အာဏာရှင်တွေနဲ့အပေါင်းပါ စီးပွားရေးသမားတွေဟာ အဂတိလိုက်စားတဲ့ နိုင်ငံရေးသမားတွေအဖြစ် မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်မှာ ပုံစံသစ်နဲ့ပေါ်ထွန်းလာမှာဖြစ်ပြီး၊ အများစု ပြည်သူလူထုကြီးအနေနဲ့ အဖိနှိပ်ခံရမှု၊ ဆင်းရဲမွဲတေမှုကနေ လွတ်မြောက်ဦးမှာမဟုတ်သေးကြောင်း၊ ဒါကြောင့်ညီညီညွတ်ညွတ်နဲ့ဆက်လက်တိုက်ပွဲဝင်ကြရဦးမှာဖြစ်ကြောင်း သံဃာ့တပ်ပေါင်းစုအဖွဲ့က တိုက်တွန်းလှုံ့ဆော်ထားပါတယ်။

# မွန်ပြည်နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှု

**DVB ၊ ဇန်နဝါရီ ၈ ။** ။ မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင်းက ကျေးရွာတချို့မှာ နအဖစစ်တပ်က ရွာသား ၅ ဦးကို ဖမ်းဆီးနှိပ်စက် ညှဉ်းပန်းထောင်ချတာတွေလုပ်ခဲ့တယ်လို့ နှိပ်စက်ခံရသူတွေရဲ့ မိသားစုအသိုင်းဝိုင်းက ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

ညှဉ်းပန်းနှိပ်စက် ထောင်ချခံရသူတွေကတော့ ဘီးလင်းမြို့နယ် ရွှေအင်ဒုံကျေးရွာကဦးလှဖုန်း၊ ဦးမောင်သိန်း၊ ဦးပေါ်လာ၊ ဦးစံရွှေနဲ့ဒေါက် ရပ် ရွာကဦးလကွက်တို့ဖြစ်ပြီး သူတို့ကို ဘီးလင်းမှာအခြေစိုက်တဲ့တပ်ရင်း မှူးဒုဗိုလ်မှူးကြီးအောင်သိုက်ထွန်းရဲ့ ခလရ ၈ လက်အောက်ခံ ဗိုလ်ကြီးတဦးခေါင်းဆောင်တဲ့တပ်ဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကာ ကေအန်ယူ ကရင်အမျိုးသားအစည်းအရုံးနဲ့ ဆက်သွယ်တယ်လို့စွပ်စွဲပြီး ဖမ်းဆီးထောင်ချခဲ့တာဖြစ်ပါတယ်။

တကယ်တော့ ဒီအမှုဟာ ပြီးခဲ့နှစ် ဇူလိုင်လကတည်းက စတင်ဖြစ်ပွားခဲ့တာပါ။ ရွှေအင်ဒုံရွာသား ဦးလှဖုန်းကို ဇူလိုင်လ ၉ ရက်မှာ ဖမ်းဆီးပြီး မတရားသင်း အက်ဥပဒေပုဒ်မ ၁၇–၁ နဲ့ ထောင် ၃ နှစ် အရင်ချခဲ့ပါတယ်။ နောက်ရက်ပိုင်းအတွင်း ကျန်တဲ့ ရွာသား၄ ဦးကို စစ်တပ်က ထပ်မံဖမ်းဆီးခဲ့တာပါ။ ဦးစံရွှေဟာ စစ်ဆေးစဉ်ကတည်းကသေဆုံးသွားပြီး ဦးလကွက်ကတော့ ညှဉ်းပန်းနှိပ်စက်ခံရပြီး ငွေပေးတဲ့အတွက် ပြန်လွှတ်လာတဲ့အကြောင်းနဲ့ ဦးပေါ်လာနဲ့ ဦးမောင်သိန်းတို့ကတော့ သထုံထောင်မှာ ထောင် ၃ နှစ်ကျခံနေရကြောင်း မိသားစုက ထောင်ဝင်စာသွားတွေ့မှ သိရတာ ဖြစ်ပါတယ်။

"ထောင်ဝင်စာ သွားတွေ့တော့မှ သူတို့ နှိပ်စက်ထားတဲ့ ဒဏ်ရာတွေဘာတွေ သူတို့လှန်ပြတာ အဲဒါတွေ အကုန်တွေ့ရတာပေါ့၊ ဒဏ်ရာရတာက ဦးမောင်သိန်းရယ်၊ ဦးလကွက်ရယ်၊ ဦးပေါ်လာကတော့ အနည်းအကျဉ်းပေါ့လေ။ တယောက်ကတော့ သေသွားပြီးတဲ့ သူတို့ ပြောပြတယ်၊ စံရွှေသေသွားပြီလို့ သူတို့ပြောပြတာပေါ့။ ခွေးလို ဝက်လိုပဲ ဆွဲထုတ်သွားတယ် စံရွှေမရှိတော့ဘူးပေါ့။ ကျနော်တို့လည်းမပြောရဲဘူးပေါ့။ အဲဒီအထဲမှာဆိုရင် ထုံစံအတိုင်းပဲပေါ့။ ကျနော်တို့နိုင်ငံမှာ ဒီလိုပဲဖြစ်နေကြပဲ။ ဒီလိုမှမပြောဘူး၊ မလုပ်ဘူးဆိုရင် နောက်ဆို ဒီထက်ပိုဆိုးသွားမှာ ကြောက်လို့လေ။ အခုဖြစ်တဲ့ ပြဿနာတွေအားလုံးရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးတော့ ပြောလိုက်တာလေ။"

အမည်မဖော်လိုတဲ့တရားလိုမိသားစုဝင်တဦးက ပြောပြပါတယ်။ ထောင်ချခံရသူတွေ ပြန်လွှတ်လာဖို့အတွက် တရားလို မိသားစုတွေက မြို့နယ် ခရိုင်နဲ့ ပြည်နယ်တရားရုံးအဆင့်ဆင့်မှာ အမှုကို အယူခံဝင်ခဲ့ပေမယ့် ပယ်ချခံခဲ့ရပါတယ်။ မိသားစုတွေကတော့ နေပြည်တော် ဗဟိုတရားရုံးကို ဆက်တက်ပြီး အကျဉ်းချခံနေရသူတွေကို ပြန်လွှတ်လာအောင် ဆက်ကြိုးစားသွားမယ်လို့ ပြောပါတယ်။

# အမျိုးသားလူငယ်ကွန်ယက်ဖွဲ့စည်းမှုကိစ္စ ဒုတ္တဌဦးတင်ဦး ရှင်းလင်းပြောကြား

**RFA ၊ ဂျန်နဝါရီ ၈ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြန်လွတ်လာပြီးနောက်ပိုင်း ပြည်တွင်းပြည်ပမြန်မာတွေက ကိုယ်စားပြုရာ အဖွဲ့အစည်းအလိုက် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး ကွန်ယက်ငယ်တွေ စတင်ဖွဲ့စည်းနေကြရာမှာ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုမျိုးရန်နောင်သိန်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်မှုနဲ့ အမျိုးသားလူငယ်ကွန်ယက်ဆိုပြီး ဖွဲ့စည်းလိုက်ကြောင်း ဇန်နဝါရီလ ၇ ရက် နေ့စွဲနဲ့ကြေညာပါတယ်။

ဒီကြေညာချက်နဲ့ပတ်သက်ပြီး ပြည်တွင်းပြည်ပ လူငယ်တွေအကြား အထူးသဖြင့် NLD လူငယ်တချို့အကြား မကျေမနပ်ပြောဆိုသံတွေပေါ်ထွက်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က ကိုမျိုးရန်နောင်သိန်းကို သီးခြား တာဝန်ပေးခဲ့ခြင်းတော့မရှိပါဘူးလို့ NLD ဒု-ဥ တ္တဌ ဦးတင်ဦးကပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားကွန်ယက်လို့ ပြောတာလည်းမဟုတ်ဘူး။ ကိုမျိုးရန်နောင်သိန်းတို့ စပြီးကွန်ယက်ကြီး လုပ်တော့လို့ ပြောတာလည်းမဟုတ်ဘူး။ မနေ့က ကျနော် မေးပြီးပြီ။

ဒေါ်အောင်ဆန်းစုကြည်ပြောတာကို ကျနော် နားထောင်ရသလောက် သူက ကိုမျိုးရန်နောင်သိန်းကို ခေါ်ပြီးတော့ ဘယ်လိုဘယ်လို လုပ်ဆိုပြီး ဒီလိုပြောတာမဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်ပြောတာက သူ ဒီလူတွေနဲ့ပတ်သက်ပြီး တာဝန်ပေးတာမဟုတ်ဘူးတဲ့။

ဒါနဲ့ ပတ်သက်လို့ သူတင်မဟုတ်ဘူး။ ဒီပြင် လူငယ်တွေလည်း ရှိသေးတယ်ဗျ။ ဒီ့ပြင် လူငယ်တွေကတော့ ကျနော်ထင်တယ် မလုပ်တတ်မကိုင်တတ်လို့လားတော့ မပြောတတ်ဘူး။ ကိုမျိုးရန်နောင်သိန်းကတော့ တော်တော်လေး လုပ်ချင်ကိုင်ချင်စိတ် တက်ကြွတဲ့စိတ်ဓာတ်ရှိနေတာတော့အမှန်ပဲ။ လှုပ်ရှားမှုနဲ့ပတ်သက်လို့ သူက အကောင်းဆုံးအတက်ကြွဆုံး သူ့နည်းသူ့ဟန်နဲ့လုပ်နေတာတော့ အမှန်ပဲ။ သို့သော် သူ့ကို ဒီကိစ္စနဲ့ပတ်သက်လို့ တာဝန်ပေးတယ် ဘာညာ ဒီလိုတော့ မဟုတ်သေးဘူးဗျ"

ဒီကိစ္စနဲ့ပတ်သက်ပြီး လူငယ်တွေရဲ့တက်ကြွမှုကို မိမိတို့ NLD ခေါင်းဆောင်တွေက နားလည်ပါကြောင်း၊ ကိုမျိုးရန်နောင်သိန်းကိုယ်တိုင်လည်း မနေ့ကပဲ မိမိကိုလာရောက်ရှင်းပြခဲ့ပြီ ဖြစ်ကြောင်းလည်း ဦးတင်ဦးကပြောပါတယ်။

"သူကတာဝန်ခံပြီးလုပ်တဲ့သဘောဆိုတာ မဟုတ်ပါဘူး၊ သူတို့က အခု လုပ်နိုင်တဲ့နည်းလမ်း၊ ယန္တယားနဲ့ပတ်သက်တဲ့အားလုံးကို စီစဉ်လုပ်ကိုင်တာလောက်ပဲရှိပါတယ်ဆိုပြီး သူလုပ်တဲ့လုပ်နည်းလုပ်ဟန်တွေကို ကျနော့်ကိုရှင်းပြတယ်။ ဒီလို လုပ်ကိုင်ပြီးတော့ လှုပ်ရှားမှုအနေနဲ့ကတော့အားရတာပေါ့ဗျာ။တိုင်းပြည်နဲ့ပတ်သက်လို့ဖွံ့ဖြိုးတိုးတက်ကောင်းအောင်လုပ်မယ်၊ တတ်နိုင်သမျှ ညှိနှိုင်းဆောင်ရွက်ပြီးတော့ တွေ့ဆုံဆွေးနွေးအဖြေရှာ၊ ဆက်စပ်ပြီးတော့ လုပ်မယ်ဆိုပြီးကလေးတွေပြောသွားတာ ချစ်စရာကောင်းတယ်"

ဒီ ကွန်ယက်ဖွဲ့စည်းရေးကိစ္စဟာ အထူးအရေးကြီးတဲ့အတွက် လူငယ်တွေအကြား နားလည်မှုအပြည့်အဝရှိအောင် ဒေါ်အောင်ဆန်းစုကြည်က အသေအချာ သတိထားကိုင်တွယ် ဆောင်ရွက်နေကြောင်းလည်း NLD ဒု-ဥတ္တဌ ဦးတင်ဦးက RFA ကို ပြောဆိုပါတယ်။

# အိတ်ချ်အိုင်ဗွီ ဒေ့စ်ဝေဒနာရှင်တွေအတွက် ကုလသမဂ္ဂမှ တိုးကူညီမည်

**DVB ၊ ဇန်နဝါရီ ၈ ။** ။ မြန်မာနိုင်ငံက အေအိုင်ဒီအက်စ်ဝေဒနာရှင်တွေအတွက် အေအာရ်ဗွီ ခေါ် အိတ်ချ်အိုင်ဗွီတန့်ဆေးတွေ ပိုမိုကူညီထောက်ပံ့ပေးသွားမယ်လို့ ကုလ သမဂ္ဂ အေအိုင်ဒီအက်အဖွဲ့ UNAIDS က ပြောကြားလိုက်တဲ့အကြောင်း ပြည်တွင်း မီဒီယာတခုကို ကိုးကားပြီး ဆင်ဟွာသတင်းမှာဖော်ပြပါတယ်။

မြန်မာနိုင်ငံမှ အေအိုင်ဒီအက်စ်ဝေဒနာရှင်တွေအတွက် လာမယ့် ၂၀၁၅ ခုနှစ်အထိ ဆေးဝါးတွေ တိုးပြီး ထောက်ပံ့ကူညီသွားမယ်လို့ သိရပါတယ်။ဒါပေမယ့် ဘယ်လောက်အထိ တိုးသွားမယ်လို့တော့ ဖော်ပြမထားပါဘူး။ မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူ ၂ သိန်းခွဲလောက်ရှိပြီး ၂ သောင်းလောက်ဟာ အေအာဗီဆေး သောက်သုံးနေရတာလို့ အစိုးရက တရားဝင်ထုတ်ပြန်ထားပါတယ်။ ဒါပေမယ့် မြန်မာပြည်မှာ အိတ်ချ်အိုင်ဗွီကူးစက်ခံနေရသူနဲ့ ဆေးဝါးလိုအပ်နေသူပေါင်း အရေအတွက်ဒီထက်အများကြီး ပိုတယ်လို့ အိတ်ချ် အိုင်ဗွီအရေး ကူညီပေးနေတဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း အန်ဂျီအိုတွေက ယုံကြည်ကြပါတယ်။ ကုလသမဂ္ဂက ခုလို ဆေးဝါးတွေတိုးပြီး ကူညီမယ်ဆိုတဲ့သတင်းနဲ့ ပတ်သက်ပြီး ပြည်တွင်းမှာ အေအိုင်ဒီအက်စ်ဝေဒနာရှင်တွေကို ကူညီစောင့်ရှောက် ပေးနေသူတဦးဖြစ်တဲ့ မဖြူဖြူသင်းက မြန်မာတနိုင်ငံလုံး အတိုင်းအတာအထိ ရသွားမယ်ဆိုရင် အကောင်းဆုံးပဲလို့ ပြောပါတယ်။

"ကျမတို့ ဒီမှာက လူနာတွေအတွက်က အေအာဗီ ဆေးဝါးကအရမ်းကို လိုအပ်နေတာပေါ့နော်၊ တခုရှိတာက တိုးပေးမယ်ဆိုတာက ဘယ်လောက်အထိ တိုးပေး မှာလဲ။ ဘယ်လောက်အထိရမလဲ ဆိုတဲ့ အပေါ်မှာ မူတည်တာပေါ့။ ကျမတို့အနေနဲ့ကတော့ တိုးပေးမယ်ဆိုတာကိုပဲ သိရသေးတယ်။ ဘယ်လို လုပ်မှာလဲ၊ ဘာတွေလုပ်မှာလဲဆိုတာ သိပ်မသိရသေးတော့ပြောရတော်တော်ခက်ပါတယ်။ ဒါပေမယ့် တကယ့်ကိုထိထိရောက်ရောက်ဝေဒနာတွေအတွက်ကို လုံလုံလောက်လောက်ရမယ်၊ အားလုံးအတွက်ကို ဒီဆေးဝါးတွေကိုကောင်းတာကတော့ တနိုင်ငံလုံးအတိုင်းအတာအထိ ရသွားမယ်ဆိုရင် တော်တော်လေးကောင်းတယ်လို့ပြောရမှာပေါ့။"

"၂၀၁၅ အထိ သူတို့ပေးနိုင်တယ်ဆိုရင်လည်း ကျမတို့က လက်ခံရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာက လူနာတွေက ဒီဆေးဝါးမရရှိတဲ့ အခါကျတော့ နေ့စဉ်နဲ့အမျှသေဆုံးနေတယ်။ ဒီကြားထဲမှာ ကျမတို့ အနေနဲ့ မျှော်လင့်ရတာက ဒီ ၃ နှစ်အတွင်းမှာ ဒီဆေးဝါးတွေရမယ်။ ဒီလူနာတွေ အတွက်က အသက်ရှည်မယ်။ ကျန်းမာမယ်ဆိုရင် ကျမတို့အတွက် အများကြီး မျှော်လင့်ရတာပေါ့။"

မြန်မာနိုင်ငံမှာ အိတ်ချ်အိုင်ဗွီပိုးရပ်စ် ပိုးကူးစက်ခံရမှုနှုန်းကတော့ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကထက် စာရင် အနည်းငယ်လျော့သွားတယ်လို့ ကုလသဂ္ဂ အစီရင်ခံစာထုတ်ပြန်ထားပါတယ်။

# ချင်းအမျိုးသားပါတီ တိုင်းရင်းသားမဟာမိတ်ပါတီဖွဲ့ရေး ညီလာခံကျင်းပ

**DVB ၊ ဇန်နဝါရီ ၆ ။** ။ နိုဝင်ဘာရွေးကောက်ပွဲမှာ ၉ နေရာအနိုင်ရခဲ့တဲ့ ချင်း အမျိုးသားပါတီက ပြည်နယ်မြို့တော် ဟားခါးမှာ ညီလာခံကျင်းပနေပါတယ်။ ဒီညီလာခံအကြောင်းသိရဖို့ ပါတီဥက္ကဋ္ဌဦးဇိုဇမ်ကို ဆက်သွယ်မေးမြန်းထားတာကိုတင်ပြလိုက်ပါတယ်။

“ကျနော်တို့ အဓိကကတော့ ပြီးခဲ့တဲ့ တနှစ်စာပေါ့ ကျနော်တို့ ပါတီရဲ့ အ ခြေအနေကို ပြန်လည်းသုံးသပ်တာပေါ့၊ နောက်တခုက ကျနော်တို့ နောက်ထပ် ၂၀၁၅ ခုနှစ်အတွက်ပေါ့ အဲဒီအတွက် နည်းနည်းကြိုတင်ပြင်ဆင်သင့်တဲ့ဟာတွေ ပြင်ဆင်ရအောင်ဆိုပြီးတော့၊ အဓိကကတော့ ကျနော်တို့ ဗဟိုကော်မတီဝင်တွေနဲ့ မြို့နယ်က ကျနော်တို့ ပါတီတာဝန်ခံတွေပေါ့ မျက်နှာစုံညီ ကျနော်တို့တွေ့တာပါ။”

ဟုတ်ကဲ့ပါရှင့် ကျမတို့သိထားတာက ဒီ ဦးဇိုဇမ်တို့ပါတီက မဟာမိတ်ဖွဲ့မယ်လို့ လည်းကြားရပါတယ်ရှင့်။ တခြားပါတီတွေနဲ့လေ၊ အဲဒီအခြေ အနေလေးကို ပြောပြပေးပါလားရှင်။

“ကျနော်တို့က မဟာမိတ်ဆိုတဲ့အခါက နည်းနည်းမကြီးကျယ်လွန်းအားကြီးဘူးလားလို့ ကျနော်ပြောတာ၊ ကျနော်တို့က ပူးပေါင်းပြီးတော့အလုပ်လုပ်ကြမှာပေါ့လေ၊ အဓိကက ကျနော်တို့တိုင်းရင်းသားအဖွဲ့နဲ့ကျနော်တို့ကဖွဲ့ဖို့ရှိတယ်၊ တိုင်းရင်းသားအဖွဲ့ပေါ့နော် ကျနော်တို့ ၅ ပါတီပေါ့၊ ၅ ပါတီ ကျနော်တို့က မဟာမိတ်ထက်တောင်မှာ ကျနော်တို့က တိုင်းရင်းသားညီအစ်ကိုပါတီဆိုပြီးတော့ လုပ်ထားတာရှိတယ်။ ကျနော်တို့ ပြည်ထောင်စုလွှတ်တော်မှာ ဒီအဖွဲ့တွေက ကျနော်တို့က အလုပ်ဖြစ်နိုင်တယ်လို့ထင်တယ်၊ရှမ်းရယ်၊ ရခိုင်ရယ်၊ မွန်ရယ်၊ နောက် ကရင်ရယ် နောက် ကျနော်တို့ ချင်းအမျိုးသားပါတီပေါ့။”

ဟုတ်ကဲ့ပါ၊ ဆိုတော့ ဒီတိုင်းရင်းသားညီအစ်ကို မဟာမိတ်ပါတီ ဖွဲ့ရတဲ့အဓိက ရည်ရွယ်ချက်လေးပြောပြပေးပါဦးရှင်။

“အဓိကကတော့ ကျနော်တို့က တိုင်းရင်းသားစိတ်ဓာတ်ပေါ့ဗျာ၊ ကျနော်တို့မှာ တိုင်းရင်းသားအရေးကိစ္စတွေ အမြောက်အများ ကျနော်တို့မှာတင်ပြစရာရှိတယ်။ ပြည်ထောင်စုအစိုးရမှာလေ။ ဆိုတော့ အဲဒီအချက်အလက်အတွက် ကျနော်တို့က တိုင်းရင်းသားတွေ အားလုံးပူးပေါင်း ပြီးတော့ တင်ပြမယ့်ကိစ္စတွေရှိတယ်။ နောက် ကျနော်တို့ ဒီမိုကရေစီပေါ့ဗျာ၊ မှန်ကန်တဲ့ ဒီမိုကရေစီအတွက်ရယ်၊ နောက်ပြီးတော့ ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ကျနော်တို့ ပြည်ထောင်စု စိတ်ဓာတ်နဲ့ ကျနော်တို့ စနစ်တကျပေါ့ဗျာ၊ ပီပီပြင်ပြင် အရှည်သဖြင့် ကျနော်တို့ ကျန်တဲ့ပြင်ပက ကျနော်တို့ညီအစ်ကို မောင်နှမတွေနဲ့အတူ အရှည်သဖြင့် ကျနော်တို့ အတူတကွနေနိုင်ဖို့ပေါ့ဗျာ၊ တန်းတူညီတူပေါ့ဗျာ၊ အဲဒီလို ညီနိုင်ဖို့ရန်ဆိုပြီးတော့ ကျနော်တို့က ဒီ ၅ ပါတီ ညီအစ်ကို ပါတီအဖွဲ့ဆိုပြီးတော့ ကျနော်တို့ ဖွဲ့ထားတာရှိပါတယ်၊ အဲဒီဟာကို ကျနော်တို့ ဒီလပေါ့ ၁၅ ဝန်းကျင်လောက်မှာ ကျနော်တို့ ရန်ကုန်မှာလုပ်ဖို့ ရှိတယ်။ ပြီးတော့လေ ဒီ ကျနော်တို့ရဲ့ ကွန်ဖရန့် ပြီးတဲ့အခါ ကျမှကျနော် ရန်ကုန်ဆင်းလာမှာ ဖြစ်တယ်။”

ဟုတ်ကဲ့ပါရှင်၊ ဆိုတော့ တိုင်းရင်းသားပါတီတွေနဲ့ပဲ မဟာမိတ်ဖွဲ့တာလား၊ တခြား နိုင်ငံရေးပါတီတွေ ဥပမာ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီတို့၊ တခြား နိုင်ငံရေးပါတီတွေနဲ့ရော ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်ထားပါသလဲရှင်။

“ဒါကတော့ ကျနော်တို့ ချင်းအမျိုးသားပါတီရဲ့ ရပ်တည်ချက်ကတော့ တကယ့် ဒီမိုကရေစီအတွက် တကယ့်နည်းမှန်လမ်းမှန်နဲ့ ကျနော်တို့ အလုပ်လုပ်တဲ့ ပါတီ ဘယ်ပါတီနဲ့မဆို ကျနော်တို့က ပူးပေါင်းဖို့ရှိပါတယ်။ ဒါပေမယ့် ဒီမိုကရေစီ နည်းစနစ်မကျဘူး ဆိုရင်တော့ ကျနော်တို့ ဒီဟာတွေနဲ့တော့သိပ်ပြီးတော့ အလျှဉ်းသင့်ဖို့တော့ မရှိပါဘူး။”

ဟားခါးမှာကျင်းပနေတဲ့ ချင်းအမျိုးသားပါတီညီလာခံကို ဒီကနေ့က စပြီး ၃ ရက်ကြာ ကျင်းပမယ်လို့သိရပါတယ်။

# နိုင်ငံရေးအကျဉ်းသားများလွှတ်ရန် သံဃာတပ်ပေါင်းစုနဲ့ဗကသ တောင်းဆို

**RFA ၊ ဂျန်နဝါရီ ၃ ။** ။ မြန်မာနိုင်ငံကအကျဉ်းထောင်အသီးသီးမှာ အကျဉ်းကျခံနေရဆဲဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသား ၂၂၀၀ ကျော်ကို ချက်ချင်းလွှတ်ပေးဖို့ သံဃာ့တပ်ပေါင်းစုနဲ့ ဗကသ အပါအဝင် ဒီမိုကရေစီရေးလှုပ်ရှားတဲ့အဖွဲ့ ၁၁ ဖွဲ့ ဒီကနေ့ ဇန်နဝါရီ ၃ ရက်မှာ စုပေါင်းတောင်းဆိုလိုက်ပါတယ်။

လွတ်လပ်ရေးရဲ့အဓိပ္ပာယ်ပြည့်ဝဖို့နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးအကျဉ်းသားတွေ ပြန်လည်လွတ်မြောက်လာရေးဟာ ဒီကနေ့ မြန်မာနိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်တယ်လို့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ရဲ့ ပြောရေးဆိုခွင့် ရှိသူ ကိုဇာနည်က RFA ကို ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာတာနဲ့အမျှ နိုင်ငံရေးဒီရေမြင့်တက်လာတာကိုလည်း ကျွန်တော်တို့တွေ့ရတယ်၊ ဒေါ်အောင်ဆန်းစုကြည်လိုပဲ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွတ်မြောက်စေချင်တဲ့သဘောနဲ့ ဒီဟာကိုထုတ်ဝေရခြင်း ဖြစ် ပါတယ်။ အဲ တကယ်လို့များပေါ့၊ ကျွန်တော်တို့က တကယ့်ကို ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ခေါ်ပြီးတော့ အစိုးရသစ်တခုပေါ်လာခဲ့မယ်ဆိုရင် ဒီအစိုးရတွေအနေနဲ့ ထောင်အသီးသီးမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးသင့်တယ်လို့ ကျွန်တော်တို့ကယူဆပြီးတော့ ဒါကို တောင်းဆိုရခြင်း ဖြစ်ပါတယ်။”

လွတ်လပ်ရေးနေ့မတိုင်မီ ဇန်နဝါရီလ ၃ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်တဲ့ စာမျက်နှာ ၁၆ မျက်နှာပါစာတမ်းမှာ မြန်မာနိုင်ငံမှာ လွတ်လပ်စွာကိုးကွယ်ခွင့်နဲ့ ထုတ်ဖော်ရေးသားခွင့်တွေ မရှိသေးပုံ၊ နိုင်ငံရေး လှုပ်ရှားသူတွေကို တရားဥပဒေနဲ့မကိုက်ညီပဲ ဖမ်းဆီး ညှဉ်းပန်း အပြစ်ပေးပုံ အကျဉ်းထောင်တွေအတွင်းမှာလည်း အစားအစာနဲ့ဆေးဝါး ချို့တဲ့ ပြီးဆိုးဝါးစွာနေထိုင်ကြရပုံနဲ့ အကျဉ်းသားမိသားစုဝင်တွေရဲ့ အခက်အခဲတွေကို အခန်းလိုက် ရှင်းလင်းတင်ပြထားပါတယ်။

ဒ့ါအပြင် နိုင်ငံရေးအကျဉ်းသားအရေးအတွက်ကိုလည်း ကျား မ ရဟန်း သီလရှင် စသဖြင့် စာရင်းဇယားနဲ့တကွ ဖော်ပြထားပါတယ်။

လက်ရှိ မြန်မာ့နိုင်ငံရေးအဖြေရှာရေးအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရေးဟာ တခုတည်းသောနည်းလမ်းဖြစ်တယ်လို့ဖော်ပြထားတဲ့ အဲဒီအဖွဲ့ ၁၁ ဖွဲ့ ရဲ့တောင်းဆိုချက်မှာ နိုင်ငံရေးအကျဉ်းသားတွေကို မလွှတ်သေးခင်မှာလည်း ပိုမိုကောင်းမွန်အောင်ထားရှိဖို့ တိုက်တွန်းနှိုးဆော်ထား ပါတယ်။

# ထိုင်းနိုင်ငံ မဲဆောက်မှာ ဒီကေဘီအေတပ်သား လက်ပစ်ဗုံးကိုင်ဆန္ဒပြ

**RFA ၊ ဂျန်နဝါရီ ၄ ။** ။ ဒီကနေ့ ဇန်နဝါရီ ၄ ရက် မနက် ၈နာရီလောက်ကထိုင်းနိုင်ငံ၊မဲဆောက်မြို့မှာရှိတဲ့ UNHCR ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးခွဲရှေ့မှာ နယ်ခြားစောင့်တပ်ဖွဲ့ဝင်အဖြစ်ပြောင်းလဲခဲ့သူ DKBA ၉ သုံးလုံးတပ်ရင်းက စောထိန်လင်း ခေါ် စောသံမဏိဟာ လက်ပစ်ဗုံးနှစ်လုံးကိုင်ဆောင်ပြီး ဆန္ဒပြခဲ့ကြောင်း သိရှိရပါ တယ်။

မြန်မာပြည်ပြဿနာကို ကုလသမဂ္ဂကူညီဖြေရှင်းပေးဖို့နဲ့လက်ရှိဖြစ်ပျက်နေတဲ့ နိုင်ငံရေးအခြေအနေတွေကို လက်မခံနိုင်လို့လုပ်တာဖြစ်တယ်လို့ အဲဒီဆန္ဒပြသူကဆိုပါတယ်။

အငှားဆိုင်ကယ်သမားကို ဓားစာခံလုပ်ပြီး လက်ပစ်ဗုံးကိုင် ခြိမ်းခြောက်ဆန္ဒပြသူဟာ ဒီကေဘီအေ ၉ သုံးလုံးတပ်ရင်းက အသက် ၃၅ နှစ်ဝန်းကျင်ရှိသူ စောထိန်လင်း (ခေါ်) စောသံမဏိဖြစ်ပါတယ်။

ဒီအဖြစ်အပျက်ကို တွေ့မြင်လိုက်ရတဲ့ မျက်မြင်သက်သေတဦးက အခုလိုပြောပြပါတယ်။

"အဲ သူကအဲဒီမှာ ဆိုင်ကယ်တက္ကဆီသမား အဖိုးကြီးတယောက်ကို ဆိုင်ကယ်ငှားစီးလာတယ်။ ဆိုင်ကယ်ဦးထုပ်ကိုဆောင်းထားတယ်။ ဦးထုပ်ကကြိုးက မျက်လုံးတဖက်ကို ဖုံးနေတယ်။သူ့လက်ထဲမှာကတော့ လက်ပစ်ဗုံးလို့ယူဆရတဲ့အရာ နှစ်ခုကို သူဆုပ်ထားတယ်၊ အဖိုးကြီးကိုဖက်ပြီးတော့။ အဲဒီအချိန်မှာ UN ရုံးကနေပြီးတော့ ရဲစခန်းကိုအကြောင်းကြားလိုက်ပုံရတယ်၊ အဲဒီမှာ ရဲတွေရောက်လာတယ်။ ရဲတွေရောက်လာပြီးတော့ သူ့အနားမှာပဲ ဝိုင်းပြီးတော့ သူ့ကိုဖျောင်းဖျကြတယ်။ တော်တော်နဲ့တော့ ဖျောင်းဖျလို့ မရဘူး၊ ၉ နာရီနဲ့ ၅ မိနစ်လောက်မှာ သူ လက်နက်ချလိုက်တယ်။"

တနာရီလောက်ကြာအောင် ထိုင်းရဲတွေနဲ့ညှိနှိုင်းပြီးနောက် စောသံမဏိဟာ လက်နက်ချခဲ့ပါတယ်။ သူဆန္ဒပြရတဲ့ အကြောင်းရင်းတွေနဲ့ပတ်သက်ပြီး စာရွက်ပေါ်မှာရေးသားထားတယ်လို့ဆိုပါတယ်။

ဒီအထဲမှာ ဒီကေဘီအေဟာ မြန်မာစစ်တပ်လက်အောက်ခံ နယ်ခြားစောင့်တပ်မဖြစ်စေဖို့နဲ့ ကရင်ကို ဒီမိုကရေစီနည်းအရ ကရင်ကပဲအုပ်ချုပ်ဖို့၊ နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲကို တိုင်းရင်းသားတွေလက်မခံနိုင်လို့ စတဲ့ အချက်တွေရေးသားထားတယ်လို့ ဆိုပါတယ်။

ထိုင်းရဲတွေက တရားမဝင်နိုင်ငံအတွင်းဝင်ရောက်မှု၊ တရားမဝင်စစ်လက်နက်ကိုင်ဆောင်မှုစတဲ့ပြစ်ချက်တွေနဲ့ အရေးယူမယ်လို့ သိရပါတယ်။ ထိုင်းဥပဒေအရ တရားမဝင် စစ်လက်နက်ပစ္စည်းပိုင်ဆိုင်မှုအရ အပြစ်ရှိကြောင်းထင်ရှားရင် ထောင်ဒဏ် တသက်အထိ ပြစ်ဒဏ်ချမှတ်နိုင်ပါတယ်။

# နအဖကလေးစစ်သားများ ထွက်ပြေးနေ

**DVB ၊ ဇန်နဝါရီ ၉ ။** ။ နအဖစစ်တပ်နဲ့ ဒီကေဘီအေတပ်တွေ တိုက်ပွဲတွေပြင်းထန်လာနေချိန်မှာပဲ နယ်စပ်နအဖတပ်တွေကနေ ကလေးစစ်သားတွေထွက်ပြေးနေကြပါတယ်။ အခုလ ၈ ရက်နေ့က နယ်စပ်ကို ထွက်ပြေးလာတဲ့ ကလေးစစ်သား တဦးက ခုလိုပြောပြပါတယ်။

"ရိက္ခာတွေလည်း ဘာမှ စားစရာမရှိတော့ဘူး။ နောက်ထပ်လည်း ဘာမှ မပို့ပေးဘူး။ အဲမှာ နေရတာတော့ စားသောက်ပျက်ပေ့ါနော်။ ပုံမှန်နေရာကျတယ်လို့မရှိဘူး။ ဟိုပြောင်း ဒီပြောင်းပေ့ါ။ ကျနော်တယောက်တည်း ထွက်ပြေးလာတာ။ ကျနော့်အရင်ကတော့ ၅ ယောက် ထွက်ပြေးလာတာ။ နောက်မှာတော့ (ကလေးစစ် သား) ၈ ယောက်လောက် ရှိတာပေ့ါ။"

နယ်စပ်ကို ရောက်လာတဲ့ ခလရ ၆၆ ဝေါ်လေ ရှေ့တန်းတပ်က ကလေးစစ်သားမောင်အောင်ကိုလင်း ပြောသွားတာပါ။ သူဟာ ပဲခူးတိုင်းဒိုက်ဦးမြို့နယ်က သုံးခွကျေးရွာမှာ နေထိုင်သူဖြစ်ပြီး အဆင်မပြေလို့ ဒိုက်ဦးကို တက်လာတဲ့အချိန်မှာ စစ်တပ်ထဲ သွပ်သွင်းခံရသူဖြစ်ပါတယ်။ အသက် ၁၅ နှစ် ကတည်းက စစ်တပ်ထဲ ဝင်ခဲ့ရတာဖြစ်ပြီး အခု စစ်သက် ၂ နှစ် ရှိသွားပါပြီ။

"(ဒိုက်ဦးမှာတာဝန်ကျတဲ့ စစ်သား)သူတို့က တာဝန်ယူတယ်ဆိုပြီးပေ့ါနော် အတင်းဆွဲခေါ်ပြီး တပ်ထဲထည့်တာပေ့ါနော်။ အဲနောက်ပိုင်းမှာ အမေတွေအဖေတွေက သုံးခွကျေးရွာမှာပဲ ငိုပြီး ကျန်ခဲ့တာပေ့ါ။"

အခုဆိုရင် တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေတာနဲ့အမျှ နအဖတပ်အတွင်းက ကလေးစစ်သားတွေ အပါအဝင် တပ်ဖွဲ့ဝင်တွေလည်း နယ်စပ်ကို ထပ်မံထွက် ပြေးလာလိမ့်ဦးမယ်လို့ ဒီကေဘီအေ တာဝန်ရှိသူတွေကပြောဆိုနေကြပါတယ်။

# လွှတ်တော်အမတ်များ ငွေတောင်းခံ

**DVB ၊ ဇန်နဝါရီ ၉ ။** ။ ပဲခူးတိုင်း သနပ်ပင်မြို့ကို ဖြတ်သွားတဲ့ စစ်တောင်း တူးမြောင်းဖြတ်တံတားအပေါ် လူ၊ ဆိုင်ကယ်နဲ့ ကားတွေ ဖြတ်သန်းခအားလုံးကို မပေး မနေရ ကောက်ခံနေတာလို့ ဒေသခံတဦးက ပြောပြပါတယ်။

"တံတားဆောက်တဲ့အချိန်က စပြီးတော့ တံတားကော်မတီကနေပြီးတော့ ပိုက်ဆံတောင်းတယ်။ လူတယောက်ကို အသွား ၅၀ကျပ်၊ အပြန် ၅၀၊ ဆိုင်ကယ်တစီးကို ၁၀၀ ပေ့၊ ကားဆိုရင် ၅၀၀ အဲလို အစရှိသဖြင့် ကောက်ခံတာ။ ၂၀၁၀ ရွေးကောက်ပွဲတုန်းက နိုဝင်ဘာ ၁ ရက်နေ့မှ ၇ ရက်နေအထိ တံတားဖြတ်သန်းခကို လျှော့ပြီး မဲဆွယ်မှုတွေပြုလုပ်ခဲ့တယ်။ တံတားကူးခကို ပြည်သူတွေက တချို့ကျတော့လည်း မပေးနိုင်ကြဘူးပေ့ါဗျာ။ မပေးနိုင်တဲ့အခါကျတော့ သူတို့က ဘာလုပ်လဲဆိုတော့ တံတားပေါ်မှာ လူမိုက်တွေ ရွေးထားတယ်။ ဖြတ်သန်းသွားလာလို့ မပေးလို့ရှိရင် ကြိမ်းမောင်းတယ်။ ရိုက်နှက်တယ်။ ဆဲဆိုတယ်။ မကြာခဏဖြစ်တယ်။"

ဒီတံတားဟာ လူနေရပ်ကွက် ရုံးကနားတွေနဲ့ မြို့နယ်ဈေးရဲ့ လမ်းဆုံမှာရှိတာမို့ မဖြတ်မနေရ ဖြတ်သန်းရမယ့် တံတားလည်းဖြစ်နေတာပါ။

"တံတားကူးခက တယောက်ကို ၁၀၀ ကုန်တယ်၊ ဆိုင်ကယ်နဲ့သွားမယ်ဆိုရင် ၂၀၀ ကုန်တယ်။ ဆိုင်ကယ်ခက ၁၀၀ ပေ့။ ဆိုင်ကယ်ပေါ်မှာ လူပါသလောက်က ပိုက်ဆံတခါထပ်ပေးရတယ်။ ခဏခဏ အဲဒီတံတားမှာ ရိုက်ပွဲဖြစ်တယ်။ ပြဿနာခဏခဏဖြစ်တယ်။ တံတားနဲ့ ပတ်သက်ပြီးတော့ဦးစီးဦးဆောင် လုပ်တဲ့သူတွေကတော့ ကြံ့ဖွံ့ပါတီက ပြည်သူ့လွှတ်တော် ဦးအုံးကြည်၊ နောက်တယောက်က ကြံ့ဖွံ့တိုင်းဒေသကြီးအမတ် ဦးအေးစိုး နောက်တယောက်ကတော့ ဦးစိုးဝင်းဆိုတာ အဲဒီလူတွေက အဓိကချုပ်ကုန်နေတာ။"

အခုလို ပြည်ခိုင်ဖြိုးအမတ်တွေက လေလံဆွဲထားပြီး ငွေကြေးကောက်ခံနေတာနဲ့ ပတ်သက်ပြီး ဒေသခံတွေက မကျေမနပ်ဖြစ်နေကြပါတယ်။

"ရှင်းရှင်းပြောရရင် ဒီလို ပိုက်ဆံတွေ မတရားကြီး ကောက်နေတာလေ။ လူ့ အခွင့်အရေး ချိုးဖောက်တာပဲလေ။ ပြည်သူ့ဘက်မှာ ဦးဆောင်မယ့် ပြည်သူ့ကိုယ်စားလှယ်တဦးက အာဏာမရသေးခင်မှာကိုက ချိုးဖောက်နေတာဆိုတော့ အာဏာများရပြီးရင် ဘယ်လောက်များချိုးဖောက်မလဲ မသိဘူးဗျ။"

အခုလို သနပ်ပင်တံတားဖြတ်ကြေး အဓမ္မကောက်ခံမှုပြဿနာကို မေးမြန်းဖို့ သနပ်ပင်မြို့နယ် ပြည်ခိုင်ဖြိုးရုံးနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို မေးမြန်းဖို့ကြိုးစားခဲ့ပေမယ့် တာဝန်ခံဖြေဆိုမယ့်သူတွေ မရှိခဲ့ကြပါဘူး။




**ဂျန်နဝါရီ ၂ | Kuki Forum ။ ။** မြန်မာပြည်တွင်း တိုင်းရင်းသားပေါင်းစုံပါဝင်သည် သဘောတူညီချက်စာချုပ်တခုသည် အကောင်အထည်ပေါ်သင့်နေသည်မှာ ကြာပြီဖြစ်ကြောင်း Nehginpao Kipgen မှရေးသား၏။

**ဂျန်နဝါရီ ၃ | Mizzima ။ ။** ချင်းမိုင်ရှိ မြန်မာနှင့်အခြား ဒီမိုကရေစီလှုပ်ရှားသော အဖွဲ့ ၁၁ စုသည် မြန်မာတွင်းရှိ နိုင်ငံရေးသမား ၂၀၀ ကျော်အား အားလုံးလွှတ်ပေးရန် စုပေါင်းလက်မှတ်ထိုးတောင်းဆို၏။

**ဂျန်နဝါရီ ၃ | BKK ။ ။** ရွှေ့ပြောင်းလုပ်သားများအခွင့်အရေးကို ထိုင်းရောက် မြန်မာလုပ်သား ၃၀၀ ခန့်မှ စုပေါင်းတောင်းဆို၏။

**ဂျန်နဝါရီ ၃ | UWSP ။ ။** ဝ တပ် UWSA ၏ နိုင်ငံရေးအဖွဲ့ UWSP သည် ဆယ်ရက်တာဆွေးနွေးပွဲ ဆုံးဖြတ်ချက်အရ မြန်မာဒီမိုကရေစီအတွက် အပစ်အခတ်ရပ်စဲရေးအဖွဲ့ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပြည်တွင်းပြည်ပတိုင်းရင်းအဖွဲ့ တိုင်းနှင့် ယှိုင်းပင်းဆောင်ရွက်မည်ဟုဆို၏။

**ဂျန်နဝါရီ ၄ | Irrawaddy ။ ။** အဲန်အဲလ်ဒီသည် လူမှုစီးပွားရေးကူရန် ကျပ်သန်း ၂၀ စုမိပြီဖြစ်ကြောင်း။

**ဂျန်နဝါရီ ၄ | Irrawaddy ။ ။** ထိုင်းမြန်မာနယ်စပ်ပူးပေါင်းဆောင်ရွက်ရေး TBBC သည် ရံပုံငွေနည်း၍ မြန်မာဒုက္ခသည်များအား ၂၀၁၁ တွင် လူမှုရေးအကူအညီများလျှော့မည်ဖြစ်ကြောင်း။

**ဂျန်နဝါရီ ၄ | DVB ။ ။** နအဖသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် စစ်တိုင်းတခုစီတိုးဖွဲ့ ကာ အင်အားဖြည့်နေ၏။

**ဂျန်နဝါရီ ၂၀ | DVB ။ ။** အနှစ်၂၀ နီးပါး နိုင်ငံရေးအကျဉ်းမှ ပြန်လွတ်လာသူ သီဟရာဇာသည် မိသားစုထံ ပြန်ရောက်လာသော်လည်း အစစနေသားမကျနိုင်ဖြစ်နေကြောင်း။

**ဂျန်နဝါရီ ၃ | Yahoo News ။ ။** ဗိုင်းဂူးအင်တာနေရှင်နယ်သည် မြန်မာ့သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးတွင် အရှိန်တိုး ရင်းနှီးနေကြောင်း။

**ဂျန်နဝါရီ ၄ | Pajamas Media ။ ။** အဏုမြူဂြိုဟ်ဆိုးသုံးနိုင်ငံ(မြောက်ကိုးရီးယား၊ အီရန်၊ စီးရီးယား) စာရင်းတွင် မြန်မာကို ပါထည့်သွင်းသင့်ကြောင်း။

**ဂျန်နဝါရီ ၄ | RGN ။ ။** ၆၃ ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို အဲန်အဲလ်ဒီသည် သီးခြားကျင်းပခဲ့၏။

**ဂျန်နဝါရီ ၄ | Irrawaddy ။ ။** စစ်ထောက်လှမ်းရေးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အနုပညာ၊ သတင်းမီဒီယာမှလူများ၏ လက်ကိုင်ဖုံး ၃၀၀၀ ကျော်အားကြားဖြတ်နားထောင် ထောက်လှမ်းမည်ဖြစ်ကြောင်း။

**ဂျန်နဝါရီ ၅ | Asahi Shibun ။ ။** ဂျပန်ကုမ္ပဏီများသည် မြန်မာ့နိုင်ငံရေးကြောင့် မြန်မာဈေးကွက်သို့ ဝင်ရေးမဝင်ရေး ဆုပ်စုး စားရှုးဖြစ်နေ၏။

**ဂျန်နဝါရီ ၅ | BP Edit ။ ။** ထိုင်းအစိုးရသည် ထားဝယ်စီမံကိန်းစသည့် မြန်မာသို့ ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံရေးပြန်ကောင်းလာသည့် အချိန်ထိ (ဒီမိုကရေစီသို့ဦးတည်သည်အထိ) စောင့်သင့်ကြောင်း။

**ဂျန်နဝါရီ ၅ | Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းအဲန်အဲလ်ဒီ အလုပ်အမှုဆောင်အဖွဲ့ဝင် ၆ ဦးတို့သည် တိုင်းရင်းစည်းလုံးညီညွတ်ရေးကို ၂ ရက်နေ့တွင် ဆွေးနွေးခဲ့၏။

**ဂျန်နဝါရီ ၅ | Irrawaddy ။ ။** ကမ်းနားလမ်းမှနေ၍ လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသို့ ပြောင်းရွှေ့ခံရသော ဆိုင်ပိုင် ၁၀၀၀ ခန့်သည် ရန်ကုန်မြို့တော်ဝန်ဦးအောင်သိန်းလင်းအား မကြေနပ်၍ ဒီဇင်ဘာ ၂၄ ရက်တွင် ထိုင်၍ဆန္ဒပြ၏။

**ဂျန်နဝါရီ ၅ | Mizzima ။ ။** နော်ဝေမှ Seadrill သည် မြန်မာတွင် PTT ထိုင်းရေနံ ကုမ္ပဏီ၏ငှားရမ်းမှုဖြင့် ပြန်လည်လုပ်ငန်းစမည်။

**ဂျန်နဝါရီ ၅ | Mizzima ။ ။** မုံရွာရှေ့နေများသည် NLD ၏ နိုင်ငံအနှံ့မတတ်နိုင်သူလူထုအတွက်ရှေ့နေကွန်အဖွဲ့တည်ရေးကို သဘောတူထောက်ခံကြောင်း။

**ဂျန်နဝါရီ ၅ | DVB ။ ။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဥပဒေအထောက်ကူပြုအဖွဲ့သည် တိုင်းနှင့်ပြည်နယ်အလိုက် ရှေ့နေကွန်ယက်အနေနှင့် ဆောင်ရွက်နိုင်ရန် နယ်လှည့်ဆွေးနွေးနေ၏။

**ဂျန်နဝါရီ ၅ | DVB ။ ။** ဒီမိုကရေစီလှုပ်ရှားသူများ၏ကြိုးပမ်းမှုဖြင့် ပန်းတနော်မြို့နယ်ဖက်မှ လူကုန်ကူးခံရသူ ၁၄ နှစ်နှင့် ၁၇ နှစ်ရွယ် ကရင်အမျိုးသမီး ၂ ဦးပြန်လွတ်လာ၏။

**ဂျန်နဝါရီ ၅ | DVB ။ ။** ဘင်္ဂလားဒေ့ရှ်နှင့်ရခိုင်နယ်စပ်တွင် နအဖခလရ ၅၅ အောက် စစ်ကြောင်းနှစ်ခုအား ရခိုင်ပြည်နယ်လွတ်မြောက်ရေးတပ်မှ ဝင်ရောက်တိုက်ခိုက်၍ နအဖတပ်သား ၄ ဦး၊ မိမိတို့ဖက်မှ တဦးကျဆုံးခဲ့ကြောင်း ရခိုင်တပ်မှဆို၏။

**ဂျန်နဝါရီ ၆ | DVB ။ ။** ရွေးကောက်ပွဲတွင် ၉ နေရာအနိုင်ရ ချင်းအမျိုးသားပါတီသည် ဟားခါးတွင် တိုင်းရင်းသားများမဟာမိတ်ပါတီဖွဲ့ရေးညီလာခံကျင်းပနေ၏။

**ဂျန်နဝါရီ ၆ | UN ။ ။** ဘန်ကီမွန်းသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ယနေ့ မြန်မာ့အရေးဆွေးနွေး၏။

**ဂျန်နဝါရီ ၆ | DVB ။ ။** ဆိပ်ကမ်းမြို့နယ် သရက်ပင်ညောင်ရွာမှ လယ်သမား ၃၀၀ ခန့် မိမိတို့ မြေကေ ၅ ထောင်ကျော်အား အေးရှားဝေါ AsiaWorld စီးပွားရေးကုမ္ပဏီများမှ အဓမ္မသိမ်းယူ၍ အမှုစွဲတင်ထား၏။

**စာမျက်နှာ ၁၀ သို့**

# ၂၀၁၀ ရွေးကောက်ပွဲ လူ့အခွင့်အရေးချိုးဖောက်မှုများ အိပ်ချ်အာရ်ဒီပီ ထုတ်ပြန်

**DVB ၊ ဇန်နဝါရီ ၆ ။ ။** ၂၀၁၀ ရွေးကောက်ပွဲဟာ လွတ်လပ်သန့်ရှင်းမျှတမှု မရှိဘဲ ကြံ့ခိုင်ရေးပါတီအနိုင်ရရှိအောင် လူ့အခွင့်အရေးမျိုးစုံ ချိုးဖောက်အနိုင်ယူသွားတဲ့ပွဲဖြစ်တယ်လို့ အိပ်ချ်အာရ်ဒီပီက ဒီကနေ့ အစီရင်ခံစာထုတ်ပြန်ပြောဆိုပါတယ်။

မြန်မာနိုင်ငံလူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ရက် (အိပ်ချ်အာရ်ဒီပီ)က "လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ၂၀၁၀ မြန်မာပြည်ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာမှုမှတ်တမ်း"ကို ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ အနိုင်ရအောင် လူတွေရဲ့ အခြေခံ အခွင့်အရေးတွေ ချိုးဖောက်ခဲ့ပုံတွေကို မှတ်တမ်းတင်ထားတာဖြစ်ပါတယ်။ ပြည်နယ်နဲ့တိုင်းခြောက်ခု၊ မြို့နယ်ပေါင်း ၄၂ ခုက ကျောင်းသား၊ လယ်သမား၊ အလုပ်သမား၊ ရှေ့နေစတဲ့ အလွှာအသီးသီးက အများအားဖြင့် လူငယ်တွေပါဝင်တဲ့ လူပေါင်းသုံးသောင်းကျော်ကို မေးခွန်း ၁၃ ခုမေးမြန်းပြီး စာမျက်နှာ ၅၉ မျက်နှာပါ ဒီအစီရင်ခံစာကို ပြုစုခဲ့တာလို့ ဦးမောင်မောင်လေးကပြောပါတယ်။ ဒီမှတ်တမ်းကို တိုင်းနဲ့ပြည်နယ် ခြောက်ခုမှာ လူဦးရေပေါင်း သုံးသောင်းကျော်ကို မေးမြန်းပြုစုထုတ်ဝေထားတာလို့ ဦးစီးလုပ်ဆောင်တဲ့ အိပ်ချ်အာဒီပီအဖွဲ့ဝင် ဦးမောင်မောင်လေးက ပြောပါတယ်။ အိပ်ချ်အာဒီပီအနေနဲ့ အဓိကအားဖြင့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးဆိုင်ရာ စောင့်ကြည့်မှုကာလရှည်တခု၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနဲ့ မဲအငြင်းပွားမှုများ ဆိုင်ရာ စောင့်ကြည့်ခြင်းတခုနဲ့ ရွေးကောက်ပွဲလွန်ကာလ စောင့်ကြည့်ခြင်းဆိုပြီး စောင့်ကြည့်ခြင်းသုံးခုကို လုပ်ခဲ့တယ်လို့လည်း ရှင်းပြပါတယ်။

"နိုင်ငံသားတွေရဲ့ မဲပေးခွင့်ဆိုင်ရာ အခွင့်အရေးတွေ ချိုးဖောက်ခံလိုက်ရတဲ့ကိစ္စတွေကို ကျနော်တို့ လူထုနဲ့နိုင်ငံတကာသိရှိအောင် ရည်ရွယ်ထုတ်ပြန်တဲ့ ပထမတချက်ဖြစ်ပါတယ်။ နောက်တချက်က ကျနော်တို့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကနေပြီးတော့ ဒီ ၂၀၁၀ ရွေးကောက်ပွဲမှာလူတွေရဲ့ အခြေခံအခွင့်အရေးဖြစ်တဲ့ ဆန္ဒသဘောထား ထုတ်ဖော်မှုတွေကို အချိုးဖောက်ခံရပြီး ဖြစ်ပေါ်လာတဲ့ ကိစ္စအပေါ်မှာ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ ကနေပြီးတော့ ဗမာနိုင်ငံသားတွေရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဘာမှမတုံ့ပြန်ဘူး၊မဆောင်ရွက်ဘူးဆိုရင်တော့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေကို သူတို့ကိုယ်တိုင် အားပေးအားမြှောက်အသိအမှတ်ပြုရာ ရောက်သွားလိမ့်မယ်ဆိုတဲ့ အသိ တချက်ပေးချင်ပါတယ်။"

"နောက်တချက်က နောက်နောင် ဖြစ်ပေါ်လာမယ့် မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်တိုင်း ဖြစ်စဉ်တိုင်းမှာ လူ့အခွင့်အရေးတွေနဲ့ အညီဆောင်ရွက်နိုင်ကြဖို့ ကျနော်တို့ ရည်ရွယ်ပြီးတော့ လူ့အခွင့်အရေး အမြင်နဲ့ရည်ရွယ်ဖော်ထုတ်ရတဲ့ ရီပို့တစောင် ဖြစ်ပါတယ်။"

အတွင်းစောင့်ကြည့်ခြင်းအဖြစ် မဲရုံ ၁၂၀ ကျော်ကို စောင့်ကြည့်ပြီး အပြင် စောင့်ကြည့်ခြင်းအဖြစ် မဲရုံပေါင်း ၃၈၀ ကျော်ကို စောင့်ကြည့်ခဲ့တယ်လို့ဆိုပါတယ်။ ဒီအစီရင်ခံစာထုတ်ပြန်ရတဲ့ရည်ရွယ်ချက်ကို ဦးမောင်မောင်လေးက ခုလိုရှင်းပြပါတယ်။ မဲပေးပိုင်ခွင့်ရှိပါလျက်နဲ့ မဲမပေးရသူတွေ၊ မဲမပေးလိုပေမယ့် ဖိအားအမျိုးမျိုးကြောင့် မဲပေးရတာတွေ။ ကြိုတင်မဲရယူခွင့် ဆိုင်ရာ ပြဌာန်းချက်တွေကို ချိုးဖောက်မှုအဖုံဖုံတွေကို တွေ့ဆုံမေးမြန်း ချက်တွေအရ ရောကိုယ်တိုင်မြင်တွေ့ ရချက်တွေအရရော အထောက်အထားတွေရှိနေပါတယ်လို့ဆိုပါတယ်။ ရွေးကောက်ပွဲမှာ မဲဆန္ဒရှင်တွေက သူတို့ပေးချင်သူတွေကို မဲမပေးနိုင်အောင် အစိုးရက စီမံထားတယ်လို့ ဦးမောင် မောင်လေးက ဥပမာပေး ပြောဆိုပါတယ်။

"လူထုကိုယ်စားလှယ်တွေက ထောင်ထဲမှာ ရောက်နေတယ် ပါဝင်ခွင့်မရကြဘူး၊ ပါဝင်ခွင့်မရနိုင်အောင်လည်းလုပ်ထားတယ်ဆိုတာ လူထုသုံးသောင်းကျော်မှာ ကောက်တဲ့ ၇၈ ရာခိုင်နှုန်းလောက်က အဲဒီအဖြေပေးပါတယ်။"

၂၀၁၀ ရွေးကောက်ပွဲမှာ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်တွေအတိုင်း ခံစားခွင့်တွေရခဲ့ပါသလားလို့ မေးရာမှာမရခဲ့ကြပါဘူးလို့ ဦးမောင်မောင်လေးက အခုလိုထောက်ပြပါတယ်။

"ရွေးကောက်ပွဲတခုကို လုပ်ပြီဆိုတာနဲ့ ကျနော်တို့ အရွေးချယ်ခံမယ့် နိုင်ငံသားတွေ၊နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေအားလုံး လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ရှိရမယ်၊ တန်းတူညီမျှတဲ့ စည်းရုံးပိုင်ခွင့်တွေ ဥပဒေအရသော်လည်းကောင်း အမျိုးစုံပေးထားရပါမယ်။ ဒါပေမယ့် ကျနော်တို့ ၂၀၁၀ ရွေးကောက်ပွဲမှာတော့ အင်မတန်မှ အကန့်အသတ်အချုပ်အချယ်တွေများတဲ့အခြေအနေမျိုးပိုတွေ့ရပါတယ်။ နောက်တချက်က ကျနော်တိုလွတ်လပ်စွာဝေဖန်ပိုင်ခွင့်ပေ့ါလေ။ ဒီနေရာမှ ယှဉ်ပြိုင်မယ့် နိုင်ငံရေးပါတီတွေဟာ လက်ရှိတည်ဆဲ ဆောင်ရွက်နေတဲ့သူများရဲ့ မပီပြင်တဲ့မှားယွင်းတဲ့ အချက်တွေကို ထောက်ပြဝေဖန် စည်းရုံးပိုင်းခွင့်ရှိရပါမယ်၊ ဒီကိစ္စတွေကို လုံးဝလုပ်ခွင့်မပြုပါဘူး။ "

"ဒါတွေက ချုပ်ပြောရင်တော့ လူ့အခွင့်အရေး ကြေညာစာတမ်းရဲ့ အပိုဒ် ၁၈ မှာ ဒါ လုံးဝ လုံးဝ အင်မတန် အကန့်အသတ် အထိန်းအချုပ်များတာကို ကျနော်တို့ ကိုယ်တိုင်လည်းတွေ့ရသလို လူထုစစ်တမ်းထဲမှာလည်း အဲဒီမေးခွန်းကို တွေ့ရပါတယ်။"

လူတွေရဲ့ အခွင့်အရေးကို အသိအမှတ်မပြုသရွေ့ အမျိုးသားစည်းလုံးညီညွတ်မှု အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်မှာမဟုတ်ဘူးလို့သူကပြောဆိုသွားပါတယ်။အိပ်ချ်အာရ်ဒီပီက ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ၂၀၀၉ ခုနှစ် ကုန်ပိုင်းကတည်းက စောင့်ကြည့်ခဲ့တာဖြစ်ပါတယ်။

---

## ပြက္ခဒိန်မှ

**ဂျန်နာဝါရီ ၆ ၊ DVB ။ ။** ၂၀၁၀ နိုဝင်ဘာရွေးကောက်ပွဲ လူ့အခွင့်အရေး ဖေါက်ဖျက်မှုများကို အိပ်ချ်အာရ်ဒီပီ HRDC မှ ထုတ်ပြန်၏။

**ဂျန်နာဝါရီ ၆ ၊ RFA ။ ။** သဃ်န်းကျွန်းတွင် ယနေ့ ၂၀၁၁၊ ၁လ၊ ၆ ရက်နေ့တွင် တောင်သူလယ်သမား ၄၀၀ နီးပါးဆန္ဒပြခဲ့ကြောင်း။

**ဂျန်နာဝါရီ ၇၊ RFA ။ ။** မကွေးနှင့်စစ်ကိုင်းတိုင်းတို့တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ငန်းတွင် တရုတ်နှင့်သာဖက်စပ်လုပ်မည်ဟု နအဖဆိုခြင်းအားဖြင့် မြန်မာတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံသည် တရုတ်ဖြစ်လာကြောင်း Earth Rights Itl. မှဆို၏။

**ဂျန်နာဝါရီ ၇ ၊ RFA ။ ။** သေဒဏ်ချမှတ်ခြင်းခံထားရသော လူငယ်စစ်သည် မောင်ဖြိုးစည်သူ၏အမှုကို မိဘများမှ ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO သို့တင်ပြထား၏။

**ဂျန်နာဝါရီ ၇ ၊ RFA ။ ။** ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP လစဉ်အစည်းအဝေး ၂၀၁၁ ၁ လ ၇ ရက်တွင် ကျင်းပရာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးအေးသာအောင်အပါအဝင် ၉ ဦးတက်ရောက်၏။

**ဂျန်နာဝါရီ ၇ ၊ RFA ။ ။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သည် နအဖအား တရားစွဲဆိုထားမှု အယူခံမှုအတွက် ဒေါ်အောင်ဆန်းစုကြည်မှ လက်မှတ်ရေးထိုးပြီး ရှေ့အပတ်ခန့်တွင် တရားရုံးသို့တင်မည်။

**ဂျန်နာဝါရီ ၇ ၊ BBC ။ ။** လာအိုသို့ ယခုလ ၈ ရက်နေ့မှ ၁၂ ထိ နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း သွားရောက်မည်။

**ဂျန်နာဝါရီ ၇ ၊ OpedNews.com ။ ။** နအဖ၏ ၂၀၁၀ အတုအယောင်ရွေးကောက်ပွဲသည် ခေတ်သစ်ကမ္ဘာသမိုင်းတွင် အရုပ်အဆိုးဆုံးအညစ် ဆုံးရွေးကောက်ပွဲအဖြစ် မှတ်တမ်းတင်ခံနေရကြောင်း ဇဇ်လင်းမှ သတင်းဝေဖန်၏။

**ဂျန်နာဝါရီ ၇ ၊ Irrawaddy ။ ။** နေပြည်တော်အနီး လေဆိပ်တွင် တရုတ်သည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမည်။



# သတင်းတိုထွာဖတ်စရာ

## သီရိမင်္ဂလာဈေးနှင့်အာရှဝေါလ်ကုမ္ပဏီ

ရန်ကုန်မြို့ဝန်ဦးအောင်သိန်းလင်းရဲ့အမိန့်နဲ့ ကြည့်မြင်တိုင်မှာရှိတဲ့ သားငါးဟင်းသီးဟင်းရွက်လက်ကားဒိုင် သီရိမင်္ဂလာဈေးကို ကြိုတင် အသိပေးခြင်းမရှိပဲပိတ်ကာ လှိုင်မြို့နယ် ပိတောက်ချောင်းသို့ ပြောင်းဖို့လုပ်ဆောင်တဲ့အတွက် ဈေးသည်တွေ အတော်ကို အခက်တွေ့နေ ရပါတယ်။ ဒီလိုရွှေ့ပြောင်းဖို့ဖြစ်လာ တာက လော်စစ် ဟန်ရဲ့ သားစတီဖင်လော (ထွန်းမြင့်နိုင်) ရဲ့ အာရှဝေါလ် ကုမ္ပဏီက သူ့ရဲ့ ဆိပ်ကမ်းလုပ်ငန်းကို ချဲ့ထွင်ဖို့ သီရိမင်္ဂလာဈေးနေရာကိုအလိုရှိတဲ့အတွက်လို့ သတင်းထွက်နေပါတယ်။ (IRRAWADDY, 5.1.2011)

## အခွန်ကင်းလွတ်ခွင့်ရသည့်ဦးပိုင်

နအဖစစ်အာဏာရှင်တွေဟာ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်း၊ တသီးပုဂ္ဂလ၊ အဲန်ဂျီအို စတာတွေပိုင်ဆိုင်မှုတွေထဲက ကျပ်ငွေ ၃ သိန်းကျော်တဲ့ပိုင်ဆိုင်မှု၊ ဝင်ငွေတွေရဲ့ ၃ % ကနေ ၅%အထိကို အခွန်အဖြစ်ကောက်ခံမယ်လို့ဆိုထားပါတယ်။ ဒါပေမဲ့ ၁၉၉၀ ခုနှစ်မှာထူထောင်ခဲ့တဲ့ ဦးပိုင်ကုမ္ပဏီလီမိတက်ကိုတော့ အခွန်ကင်းလွတ်ခွင့်ပေးမယ်လို့သိရပါတယ်။ ဦးပိုင်ဟာ စစ်တပ်ဖွဲ့ဝင်တွေနဲ့ စစ်တပ်အငြိမ်းစားတွေအတွက်ဝင်ငွေရရှိရာလမ်းတခုအဖြစ်ထူထောင်ထားတာဖြစ်ပါတယ်။ (IRRAWADDY, 7.1.2011)

## စီးပွားရေးအကျိုးအမြတ်နှင့်ကျင့်ဝတ်

ဂျပန်ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံများရင်းနှီးမြှုပ်နှံမှုအသစ်တွေလုပ်ဖို့တုံ့နှေးနေပါတယ်။အကြောင်းကတော့မြန်မာစစ်အစိုးရရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ဒီမိုကရေစီအင်အားစုတွေကိုဖိနှိပ်မှု၊လွတ်လပ်မှုတွေကိုကန့်သတ်ချုပ်ချယ်မှုတွေကြောင့်ဖြစ်ပါတယ်။ တရုတ်၊ ထိုင်း၊ တောင်ကိုရီးယား၊ ဟောင်ကောင်တို့ကတော့ မြန်မာနိုင်ငံကရေ နံနဲ့သဘာဝဓာတ်ငွေ့လိုမျိုးတွင်းထွက်တွေရှာဖွေတူးဖော်ထုတ်လုပ် ရေးမှာ အကျိုးအမြတ်များတဲ့အတွက် အမြတ်ရရေးကိုပဲကြည့်ပြီး လုပ် ကိုင်နေကြပါတယ်။ (ASAHI SHIMBUN, 5.1.2011)

## ဥပဒေရေးရာကွန်ယက်

မြန်မာနိုင်ငံတွင်း နိုင်ငံရေးအရဖမ်းဆီးထိန်းသိမ်းခံရသူတွေအတွက် ဥပဒေကြောင်းအရကူညီပေးရေးအတွက် နိုင်ငံတဝှမ်းရှိ ရှေ့နေတွေကြားထဲမှာ ဆက်သွယ်မှုရှိမယ့်ကွန်ယက်တခုကို ထူထောင်ဖို့ရာကြိုးပမ်းနေပြီလို့ သိရပါတယ်။ မြေယာသိမ်း ဆည်းခံရမှု၊ ကလေးစစ်သားအဖြစ်သွတ်သွင်းမှုတွေအတွက် ရှေ့နေတွေက ကူညီဆောင်ရွက်ပေးနေပေမဲ့လည်း အများစုမှာ ကူညီထောက်ပံ့မှုတွေကို ဘယ်က ရယူရမှန်းမသိကြဘူးလို့ အဲန်အဲလ်ဒီရဲ့ဥပဒေအထောက်အကူပြုအဖွဲ့က ရှေ့နေဦးအောင်သိန်းက ပြောပါတယ်။ (DVB, 6.1.2011)

## လွတ်လပ်ရေးနေ့ဓာတ်ပြားဟောင်း

၆၃ နှစ်မြောက်မြန်မာနိုင်ငံလွတ်လပ်ရေးနေ့မှာ နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာပြည်သူပြည်သား တွေအနေနဲ့ ရန်လိုတဲ့နိုင်ငံတွေရဲ့အန္တရာယ်ကနေ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကာကွယ်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။ စစ်အာဏာရှင်တွေဟာ သူတို့အာဏာဆက်ချုပ်ကိုင်နိုင်ဖို့ ပြည်သူတွေကို ဒီလိုနည်းနဲ့ အမြဲတမ်း ဝါဒဖြန့်ကာ လှည့်ဖြားနေတုန်းပါပဲ။ (SPERO NEWS, 5.1.2011)

## ဒဂုံမြို့သစ်လယ်သမားဆန္ဒပြ

ဒဂုံမြို့သစ်မှာ လယ်သမား ၂၀၀ လောက် ဆန္ဒပြကြတယ်လို့သိရပါတယ်။ အကြောင်းရင်းကတော့ သူတို့တတွေရဲ့ လယ်မြေတွေကို ကုမ္ပဏီတွေကိုလွှဲပြောင်းပေးဖို့ စစ်အစိုးရက ၂၀၀၈ ခုနှစ်မှာ အမိန့်ထုတ်ခဲ့ပါတယ်။ အဲဒီအတွက် လျော်ကြေးအဖြစ်နဲ့ တဧကကို ကျပ် ၅ သောင်းကနေ တသိန်းနှုန်းနဲ့ပေးခဲ့ပါတယ်။ တဆက်တည်းမှာပဲ လယ်မြေပြုပြင်ပြီးရင် ဆက်လုပ်ပိုင်ခွင့်ရှိမယ်လို့ဆိုပေမဲ့ အခုထိအလုပ်လုပ်ခွင့်မရတဲ့အတွက် ကန့်ကွက်ကြတာဖြစ်ပါတယ်။ (IRRAWADDY, 6.1.2011)

## အကျင့်ပျက်အမတ်များကို အရေးယူမည်

နအဖပါတီဖြစ်တဲ့ ကြံ့ဖွံ့ပါတီဟာ ရွေးကောက်ပွဲမှာ အရွေး ချယ်ခံထားရတဲ့သူ့ရဲ့အမတ်တွေထဲက အကျင့်ပျက်တဲ့သူတွေကို အရေးယူမယ်လို့ပါတီအစည်းအဝေးမှာ ဆုံးဖြတ်ခဲ့တာကို သိရပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့အရေးယူမယ်ဆိုတာမသိရပေမဲ့ အမတ်တွေနဲ့ပါတီအရာရှိတွေဟာ ကိုယ့်ကျင့်တရားပျက်ပြားမှု၊ လာဘ်စားမှုတွေလုပ်တယ်ဆိုတဲ့တိုင်ကြားချက်တွေရှိတယ်လို့သိရပါတယ်။(MIZZIMA, 6.1.2011)

# ဖို့ဝိန်းမြို့ ဒီမိုအင်အားစုများ ဒေါ်အောင်ဆန်းစုကြည်နဲ့ဆက်သွယ်နှုတ်ဆက်

**RFA l ဂျန်နဝါရီ ၃ ။** ။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၃၁ ရက်နေ့က လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ်၊ ဖို့ဝိန်းမြို့ ဒီမိုကရေစီအင်အားစုတွေက တယ်လီဖုန်းနဲ့ဆက်သွယ်နှုတ်ခွန်းဆက်ရင်းနဲ့ ရှေ့လုပ်ငန်းစဉ်တွေအကြောင်းမေးမြန်းဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ဆွေးနွေးမေးမြန်းချက်တခုမှာ မြန်မာနိုင်ငံတွင်း ပညာရေးလူမှုရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ အမျိုးသားရေးလုပ်ငန်းတွေအတွက် အထောက်အကူဖြစ်စေမဲ့ နိုင်ငံတကာ လူမှုကွန်ရက်တခု ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းရေး၊ အမျိုးသားရန်ပုံငွေတရပ်ထူထောင်ဖို့အတွက် တဦးကို တလ တဒေါ်လာ ထည့်ဝင်တဲ့ တဒေါ်လာ ကင်ပိန်းလှုပ်ရှားမှုလုပ်ဆောင်သွားရေးအကြောင်း ဆွေးနွေးမေးမြန်းခဲ့တယ်လို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကိုအောင်မြင့်ထွန်းက ပြောပါတယ်။

"နိုင်ငံတကာလူမှုကွန်ရက်အတွက်ကို ကိုယ်ပိုင်ရန်ပုံငွေထူထောင်တဲ့စနစ်လေးတခု ကျွန်တော်တို့ပြင်ဆင်ထားတယ်။ အမျိုးသားရန်ပုံငွေအဖြစ်နဲ့ ဘုံသတ်မှတ်ထားတာပေါ့နော်။ ဒီ အမျိုးသား ရန်ပုံငွေမှာ တဦးလျှင် တလ တဒေါ်လာနှုန်းနဲ့ ကျွန်တော်တို့ တဒေါ်လာကင်ပိန်းကို စပြီးတော့လုပ်ဆောင်ဖို့ ကျွန်တော်တို့ပြင်ဆင်နေတယ်။ အဲဒါကို အန်တီစုအနေနဲ့ နိုင်ငံတကာလူမှုကွန်ရက်လုပ်ငန်းစဉ်ရယ် ဒီတဒေါ်လာ အမျိုးသားရန်ပုံငွေထူထောင်ရေးကိစ္စတွေမှာ လိုအပ်သလိုအကြံဉာဏ်ပေးပြီးတော့ လမ်းညွှန်မှုလေးတွေပေးပါလို့ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့တောင်းခံတာပေါ့ခင်ဗျာ။"

ဒေါ်အောင်ဆန်းစုကြည်က ပဏာမအနေနဲ့ ပြည်ပရောက်အဖွဲ့အစည်းတွေ စည်းလုံးညီညွတ်မှုအပေါ် ဝမ်းသာကြောင်း အခုလိုပြောခဲ့ပါတယ်။

"ပထမဦးဆုံးပြောရမယ်ဆိုလို့ ရှိရင်ပေါ့နော်။ ဒီလို နိုင်ငံခြားမှာရောက်နေတဲ့ အန်တီတို့ရဲ့ ပြည်သူလူထုတွေက စုစုစည်းစည်းနဲ့ လုပ်တယ်ဆိုတာ ကြားရတဲ့အခါကျတော့ အင်မတန်မှကိုဝမ်းသာတယ်။ အဲဒီဟာကိုဆက်ပြီးတော့ ထိန်းသိမ်းထားစေချင်တယ်။ နိုင်ငံခြားမှာဆိုလို့ရှိရင် ပြည်ပမှာဒီမိုကရေစီအဖွဲ့အစည်းတွေက တော်တော်များတယ်။ ပုဂ္ဂိုလ်တွေရော အဖွဲ့အစည်းတွေရောပေါ့နော်။ တခါတလေကျလို့ရှိရင်လည်း အချင်းချင်းကြားမှာ ညီညွတ်မှုတွေမရှိ ဘူးဆိုတာကိုကြားရတဲ့အခါကျတော့ စိတ်မကောင်းဘူး။"

"အခုကျတော့ ဒီလိုပေါ့နော်၊ ပြည်သူ့ကွန်ရက်တခု ထူထောင်ခြင်းအားဖြင့် ပြည်ပမှာရောက်နေတဲ့ အန်တီတို့ရဲ့ ဒီမိုကရေစီအင်အားစုတွေကိုညီညွတ်အောင် လုပ်နိုင်တယ်ဆိုလို့ရှိရင်တော့ အန်တီတို့က အရမ်းဝမ်းသာမှာပဲ။ ဒီလိုညီညွတ်မှုဟာ အဓိက။ ဒီလို ညီညွတ်မှုရပြီဆိုလို့ရှိရင် ကိုယ်ဘာလုပ်လုပ်အောင်မြင်နိုင်မှာပါ။"

ဒေါ်အောင်ဆန်းစုကြည်ကဆက်လက်ပြီးပြောရာမှာတဒေါ်လာကင်ပိန်းဆိုတာ သေးသေးလေးကစလိုက်ပေမဲ့ ညီညွတ်မှုဆိုတဲ့ အင်မတန်ထုထည်ကြီးမားတဲ့အင်အားကြီးတရပ် ဖြစ်လာနိုင်ပါလိမ့်မယ်။ ကွန်ရက်ကိစ္စကိုလည်း အမြန်အလှန် ဆက်စပ်လုပ်ဆောင်သွားဖို့ဆက်သွယ်နေပါ၊ လိုအပ်ရင်လို အပ်သလို ဘယ်လို လုပ်ဆောင်သင့်တယ်ဆိုတာတွေကို အသိပေးသွားပါ့မယ်၊ ပြည်တွင်းမှာလုပ်နေတဲ့လုပ်ငန်းစဉ်တွေအပေါ် အကြံဉာဏ်ကောင်း တွေပေးမယ်ဆိုရင်လည်း ပေးနိုင်ပါတယ်လို့ ပြောဆိုခဲ့ပါတယ်။

အခုလို တယ်လီဖုန်းနဲ့ဆက်သွယ်ဆွေးနွေးကြရာမှာ NLD ရဲ့ ရပ်တည်ရေး၊ CRPP လွှတ်တော်ခေါ်ယူရေး၊ ရွှေဂုံတိုင်ကြေညာချက်အကြောင်းတွေလည်း ပါဝင်ကြောင်းသိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ဆက်သွယ်မေးမြန်းပွဲကို မွန်၊ ကရင်တိုင်းရင်းသားတွေ၊ လူမှုကွန်ရက်အသီးသီးနဲ့ ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေလာရောက်နားထောင်ကြသလို ဒိန်းမတ်နဲ့ နော်ဝေးက ဒီမိုကရေစီအင်အားစုတွေကလည်း အွန်လိုင်းကတဆင့်နားထောင်ကြကြောင်း သိရပါတယ်။

---

# ကလေးစစ်သားတဦး ကလေးဘဝမှာ သေဒဏ်ချခံရ

**RFA l ဂျန်နဝါရီ ၇ ။** ။ သေဒဏ်ချမှတ်ခံထားရတဲ့ ကလေးစစ်သား မောင်ဖြိုးစည်သူရဲ့အမှုကို ကူညီဆောင်ရွက်ပေးဖို့ မိဘတွေနဲ့ ကလေးစစ်သားပပျောက်ရေး ဆောင်ရွက်သူတွေက ရန်ကုန်မြို့က ILO ရုံးမှာ ဇန်နဝါရီ ၇ ရက် ဒီကနေ့ တင်ပြလိုက်တယ်လို့သိရပါတယ်။

မောင်ဖြိုးစည်သူဟာ အသက် ၁၄ နှစ်ထဲမှာ စစ်တပ်ထဲရောက်သွားပြီး၊ ရှေ့တန်းထွက်နေရတဲ့အချိန်မှာ တပ်တွင်း ခိုက်ရန်ဖြစ်ပွားမှုကြောင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်တဲ့အတွက် သေဒဏ်ချမှတ်ခံရထားရတာပါ။ အဲဒီကိစ္စနဲ့ပတ်သက်လို့ မိခင်ဖြစ်တဲ့ ဒေါ်သန်းသန်းရီက RFA ကို အခုလိုပြောပါတယ်။

"သူတို့ကို ချင်းပြည်နယ်မှာ ရှေ့တန်းထွက်နေရင်းနဲ့ တယောက်တယောက် ပစ်ရင်းခတ်ရင်းနဲ့ သုံးလေးယောက်လောက်ဖြစ်ကြတယ်တဲ့။ တယောက် တယောက် ပစ်ကြတယ်၊ သူတို့ တတပ်တည်းပေါ့လေ၊ တတပ်တည်း ပြဿနာဖြစ်ကြတာ။ ဟိုဖက်က သုံးလေးယောက်လောက် သေတယ်လို့ပြောတယ်၊ ဒီဖက်ကလည်း သေပါတယ်ရှင့်။ ၂၀၀၄ ခုနှစ်မှာ အခင်းဖြစ်တယ်တဲ့။ အမိန့်ချတာက ၁၇ ရက် ၅ လ ၂၀၀၄ ခုနှစ်မှာအမိန့်ချတယ်။"

မောင်ဖြိုးစည်သူကို ပုဒ်မ ၃၀၂ (၁-ခ) နဲ့ သေဒဏ်ချမှတ်ထားတာပါ။ သူဟာ အသက် ၁၄ နှစ်အရွယ် ၂၀၀၃ ခုနှစ်မှာ အိမ်ကထွက်သွားပြီး၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်က ဆိုက်ကားသမားတဦးက သူ့ကို စစ်သားစုဆောင်းရေးစခန်းကို ပို့လိုက်တာလို့ ဆိုပါတယ်။

စစ်သင်တန်းဆင်းပြီး မကြာခင် ၂၀၀၄ ခုနှစ်ထဲမှာ ချင်းပြည်နယ်ဖက်ကို ရှေ့တန်းထွက်ရချိန်မှာ အခုလို အမှုအခင်းဖြစ်ပြီး ထောင်ကျသွားတာပါ။ ဒါကြောင့် အသက်မပြည့်ခင် စစ်တပ်ထဲရောက်သွားလို့ ကလေးစစ်သားဖြစ်ခဲ့ရသလို ကလေးဘဝမှာပဲ သေဒဏ်ချမှတ်ခံရတာ ဖြစ်ပါတယ်။

ဒါကြောင့် စစ်အစိုးရ ၁၉၉၃ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ ကလေးသူငယ်ဥပဒေ အပိုဒ် ၄၅ နဲ့ ၄၆ အရ မောင်ဖြိုးစည်သူ သေဒဏ်ကနေလွတ်မြောက်ရေးအတွက် လိုက်လံဆောင်ရွက်ပေးနေတာလို့ ဥပဒေအကြံပေး ဦးရောဘတ်စန်းအောင်က ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်လွတ်လာပြီးနောက် စီးပွားရေးဒဏ်ခတ်မှုအခြေအနေ

**VOA ၊ ဂျန်နဝါရီ ၇ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်က လွှတ်ပေးလိုက်တဲ့ ဗမာစစ်အစိုးရကို စီးပွားရေးဒဏ်ခတ်အရေးယူထားတာတွေ ရုတ်သိမ်းဖို့ အချိန်ရောက်ပြီဖြစ်ကြောင်း အနောက်တိုင်း စာနယ်ဇင်းလောကမှာ ရေးသားပြောဆိုရေးသားနကြပါတယ်။ ဒဏ်ခတ်အရေးယူတာကိုရုတ်သိမ်းပြီးဗမာအစိုးရနဲ့လက်တွဲလုပ်ကိုင်ဖို့ အမေရိကန်အစိုးရက စဉ်းစားသင့်တယ်လို့ အကြံပေးသူတွေလည်း ရှိပါတယ်။ ဒါကြောင့် ဒဏ်ခတ်အရေးယူတဲ့ အမေရိကန်ဥပဒေတွေကို ပြန်လည်သုံးသပ်ဖို့ လိုအပ်လာပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူလူထုကိုယ်စားပြုတဲ့ ပါတီအဖြစ် အသိအမှတ်ပြုပြီး ထောက်ခံအားပေးဖို့အတွက် မြန်မာ့ဒီမိုကရေစီ အက်ဥပဒေကို ၂၀၀၃ ခုနှစ် ဇူလိုင် (၂၈) ရက်နေ့မှာ အမေရိကန်ကွန်ဂရက် လွှတ်တော်က ပြဌာန်းတယ်လို့ ဥပဒေနိဒါန်းမှာ ရေးထားပါတယ်။ အခုလို ဒီဥပဒေကို ပြဌာန်းရတဲ့ အကြောင်းရင်းတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ ဒီပဲယင်းမှာ တိုက်ခိုက်ခံရတဲ့ဖြစ်ရပ်လည်းပါဝင်နေပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူလူထု ကိုယ်စားပြုတဲ့ပါတီအဖြစ် တရားဝင် အသိအမှတ်ပြုတယ်လို့ ဖော်ပြပါတယ်။

လူ့အခွင့်အရေးချိုးဖောက်တာတွေ သိသိသာသာလျော့နည်းမှု၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးမှု၊ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ စုဝေးခွင့်နဲ့ ကိုးကွယ်ခွင့်ရှိမှု၊ အရပ်သားအစိုးရဖွဲ့စည်းမှုစတာတွေကို တွေ့မြင်ရမှသာ ဒဏ်ခတ်အရေးယူတဲ့ ဥပဒေကို ရုတ်သိမ်းနိုင်မယ်လို့ဆိုပါတယ်။ အန်အယ်လ်ဒီကို ပြည်သူ့ကိုယ်စားပြုပါတီ အဖြစ်တရားဝင်သတ်မှတ်ကြောင်း ၂၀၀၃ အမေရိကန် ဥပဒေမှာ ဖော်ပြတာဟာ ပါတီနိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်သလို ဖြစ်နေပါတယ်။ ဒါကြောင့် ၂၀၀၃ အမေရိကန်ဥပဒေရုတ်သိမ်းဖို့ကိစ္စဟာ အန်အယ်ဒီရဲ့ ရပ်တည်မှုနဲ့ ဆက်စပ်နေပါတယ်။ အမေရိကန်ဥပဒေရဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်တွေဟာ အကောင်အထည်ပေါ်ဖို့ ခက်ခဲပါတယ်။ ဒီလိုအနေအထားမှာ ဒဏ်ခတ်အရေးယူမှုကို ရုတ်သိမ်းဖို့ ကြိုးစားတာဟာ ရှေ့မျက်နှာနောက်ထားပြီး လုပ်ရမယ့်ကိစ္စဖြစ်နေပါတယ်။

တကယ်တော့ အမေရိကန်ပြည်တွင်းက တောင်းဆိုတာတွေကို လိုက်လျောတဲ့အနေနဲ့ ဒဏ်ခတ်အရေးယူတဲ့ ဥပဒေကို ပြဌာန်းလိုက်တာဖြစ်တဲ့အတွက် ရည်ရွယ်ချက်အောင်မြင်ရေးကို အဓိကမထားဘူးလို့ သုံးသပ်တာမျိုးလည်းရှိပါတယ်။ ဗမာအစိုးရကို ဒဏ်ခတ်အရေးယူတဲ့ မူဝါဒကျင့်သုံးလို့ အမေရိကန်အကျိုးစီးပွား မထိခိုက်ပါဘူး။ ဒါကြောင့်လည်း မြန်မာ့ကိစ္စမှာ မူဝါဒရေးရာပိုင်းကို ဦးစားပေးနေတာဖြစ်ပါတယ်။ ဗမာစစ်အစိုးရနဲ့တရုတ်ကွန် မြူနစ်အစိုးရဟာ လူ့အခွင့်အရေး ချိုးဖောက်တာခြင်းတူကြပေမယ့် အမေရိကန်အစိုးရဟာ ဗမာစစ်အစိုးရနဲ့ဆက်ဆံရာမှာသာ မူဝါဒရေးရာကို ရှေ့တန်းတင်ပြီး တရုတ်နဲ့ဆက်ဆံရာမှာတော့ လက်တွေ့အကျိုးစီးပွားကို ဦးစားပေးတဲ့လမ်းစဉ်ကို ကျင့်သုံးပါတယ်။ ဖယ်ဒရယ် ဥပဒေ (၅) ခု ပြဌာန်းပြီး ဗမာအစိုးရကို စီးပွားရေးဒဏ်ခတ် အရေးယူထားတာဖြစ်ပါတယ်။ စစ်အစိုးရနဲ့ အသိုင်းအဝိုင်းကို ရွေးပြီး စီးပွားရေးဒဏ်ခတ်တာဟာ စစ်ဗိုလ်ကြီးစိုးတဲ့ မြန်မာ့စီးပွားရေးဦးပိုင်လိမိတက်နဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း လိုဟာမျိုးတွေကို ထိခိုက်စေပါတယ်။

ဒီလုပ်ငန်းကြီးတွေမှာ အလုပ်လုပ်တဲ့ အလုပ်သမားက လူနည်းစုပါ။ ဒဏ်ခတ်မှုကြောင့် အလုပ်ပြုတ်သွားတဲ့ အလုပ်သမားဦးရေဟာ တသိန်းပတ်ဝန်းကျင်လောက်ပဲရှိမယ်လို့ ခန့်မှန်းပါတယ်။ အလုပ်သမားဦးရေ သိန်း (၃၅၀) ကျော်ထဲက တသိန်းလောက် အလုပ်လက်မဲ့ဖြစ်သွားတာပါ။ အမေရိကန် ဒဏ်ခတ်မှုကြောင့် ဗမာအလုပ်သမားတွေမနစ်နာပါဘူး။ တရုတ်အလုပ်သမားတွေအများ အပြားဝင်လာတာကသာ ဗမာအလုပ်သမားများကိုထိခိုက်နိုင်ပါတယ်။ နှစ်ပေါင်းအတော်ကြာ စီးပွားရေးဒဏ်ခတ်အရေးယူနေပေမယ့် ဗမာစစ်အစိုးရဟာပြောင်းလဲသွားတာမဟုတ်လို့ မြန်မာ့ဒီမိုကရေစီအရေးကို အမေရိကန်အစိုးရက အားပေးချင်တယ်ဆိုရင် ဒဏ်ခတ်အရေးယူတဲ့ နည်းကိုမသုံးဘဲ အကူအညီပေးပြီး ဖျောင်းဖျပြောဆိုတဲ့နည်းကိုကျင့်သုံးရလိမ့်မယ်လို့ စောဒကတက်သူတွေလည်း ရှိပါတယ်။

အနိုင်ကျင့်ပြီး နှိပ်စက်ညှဉ်းပမ်းအပြုအမူတွေ ကွယ်ပျောက်သွားရင် ဒဏ်ခတ်အရေးယူမှု နိဂုံးချုပ်သွားပါလိမ့်မယ်။ ဒါကြောင့် ဒဏ်ခတ်အရေးယူအောင် လုပ်နေသူဟာ ဗမာစစ်အစိုးရသာဖြစ်ပါတယ်။ ဒဏ်ခတ်အရေးယူအောင် လမ်းခင်းပေးနေသူဟာ ဗမာစစ်အစိုးရပါ။ ဗမာစစ်အစိုးရကို အကူအညီပေးရုံနဲ့ ကောင်းမွန်တဲ့အစိုးရ ဖြစ်မလာနိုင်တာကို သမိုင်းက သက်သေပြနေပါတယ်။

အမေရိကန်ဘက်က ကြည့်ရင်လည်း ဒဏ်ခတ်တဲ့ဥပဒေနဲ့အမိန့်တွေထုတ်ပြန်ရတာ လွယ်ကူသလောက် ရုတ်သိမ်းရာမှာ အခက်အခဲရှိတယ်လို့ လွန်ခဲ့တဲ့နှစ် ဇူလိုင်လ (၁၆) ရက်နေ့က ထုတ်ပြန်တဲ့ကွန်ဂရက်လွှတ်တော် သုတေသနစာတမ်းမှာ အာရှရေးရာ သုတေသီ Michael F. Martin က သုံးသပ်ပါတယ်။ သမ္မတအမိန့်နဲ့ ဖယ်ဒရယ်ဥပဒေတွေမှာ ပါဝင်နေတဲ့ အကြောင်းအရာတွေ ထပ်နေတာကတကြောင်း မူးယစ်ဆေး၊ ဘာသာရေး လွတ်လပ်မှု၊ လူကုန်ကူးမှုစတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ဆက်စပ်နေတာကတကြောင်းမို့လို့ ကိစ္စတခုကို ရုတ်သိမ်းလိုက်ရုံနဲ့ အခြားကိစ္စတွေမှာ ကင်းလွတ်သွားမယ်လို့ မပြောနိုင်ပါဘူး။ ဒါကြောင့်မို့ မြန်မာပြည်တွင်းမှာ လူ့အခွင့်အရေးအခြေအနေကောင်းမွန်လာမှသာ ဒဏ်ခတ်အရေးယူမှု နိဂုံးချုပ်ဖို့ အလား အလာရှိကြောင်း ကွန်ဂရက်လွှတ်တော် သုတေသီ Michael F. Martin က သုံးသပ်ထားပါတယ်။

---

# အိန္ဒိယအကျဉ်းထောင်က မြန်မာများ

**VOA ၊ ဂျန်နဝါရီ ၆ ။** ။ ၁၉၉၈ ခုက အိန္ဒိယနိုင်ငံ ကာလကတ္တားအကျဉ်းထောင်မှာ အကျဉ်းကျခံနေရတဲ့ မြန်မာနိုင်ငံသား ၃၄ ယောက်ကို ဒုက္ခသည်အဖြစ် အသိအမှတ်ပြုရေးအတွက် UNHCR က တွေ့ဆုံ မေးမြန်းနေပြီဖြစ်ပါတယ်။

အဲဒီ ၃၄ ဦးထဲမှာ ၂၄ ဦးက ရခိုင်လူမျိုးတွေဖြစ်ပြီး ၁၀ ဦးကကရင်လူမျိုးတွေဖြစ်ပါတယ်။ ၁၂ နှစ်ကျော်အဖမ်းဆီးခံထားရတဲ့ မြန်မာတော်လှန်ရေးသမား ၃၄ ဦး လွတ်မြောက်ရေးအတွက် ကလကတ္တား တရားရုံးကနေ တရားဝင် ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားတဲ့ ဒေါက်တာတင့်ဆွေက အခုလို ရှင်းပြပါတယ်။

**စာမျက်နှာ ၁၈ သို့**

# ရခိုင်ပြည် လွတ်မြောက်ရေးတပ်က နအဖစစ်တပ် ရှေ့တန်းစခန်းကို ဝင်တိုက်

**VOA | ဂျန်နဝါရီ ၆ ။** ။ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနယ်စပ်အခြေစိုက် ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော်ရဲ့ စစ်ကြောင်းတခုက ပလက်ဝမြို့နယ်အခြေစိုက် အစိုးရတပ်စခန်းတခုကို မကြာသေးခင် ရက်ပိုင်းက တိုက်ခိုက်ခဲ့ရာမှာ နစ်ဘက်အကျအဆုံးရှိခဲ့ပါတယ်။ အပြည့်အစုံကို ဆက် သွယ်မေးမြန်းထားတဲ့ ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် ကိုကျော်ထင်က တင်ပြပေးထားပါတယ်။

ဘင်္ဂလားဒေ့ရှ်နယ်စပ်က ၅ မိုင်ကျော် အကွာမှာရှိတဲ့ ပလက်ဝမြို့နယ်၊ ပလက်ဝကျေးရွာအခြေစိုက် မြန်မာစစ်အစိုးရရဲ့ နယ်စပ်စခန်းကို ဇန်နဝါရီလ ၃ ရက်နေ့က စီးနင်းတိုက်ခိုက်ခဲ့ရာမှာ နစ်ဘက်ကျဆုံးမှုရှိတယ်လို့ ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA) က ပြောပါတယ်။ စီးနင်းတိုက်ခိုက်မှုကို ALA စစ်ကြောင်းမှူး ဗိုလ်ခိုင်သိန်းဇော်ဦးစီးတယ်လို့ သိရပါတယ်။ ALA ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခက နစ်ဘက် အကျအဆုံးရှိပုံကို အခုလို ပြောပြပါတယ်။

"လွန်ခဲ့တဲ့ ၃ ရက်၊ ၂၀၁၁၊ ၁ လပိုင်း နေ့လယ်ဘက် ၂နာရီခွဲလောက်မှာ ကျနော်တို့ ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော်စစ်ကြောင်းက ဝင်တိုက်တာ။ အဲဒီမှာ ၁ နာရီလောက် ပစ်ကြ ခတ်ကြတဲ့အချိန် စခန်းထဲမှာရှိတဲ့ ဗမာစစ်တပ်က ၄ ယောက်ကျတယ်၊ ၂ ယောက် ဒဏ်ရာရတယ်။ ခလရ ၅၅ စစ်ကြောင်း ၂ စစ်ကြောင်းမှူးဗိုလ်ကြီး မျိုးမင်း ထွန်းကိုယ်တိုင် ဒဏ်ရာရသွားတယ်။ အဲဒီတိုက်ပွဲမှာ သူတို့အကျအဆုံးများနေချိန်၊ ကျနော်တို့ဘက်က ရှင်းဖို့ကြိုးစားချိန်ကျနော်တို့ရဲဘော်တယောက်ကျသွားတယ်။ နောက်ပိုင်း အကြိတ်အနယ်ပစ်ကြပြီး ကျနော်တို့ ပြန်ဆုတ်လာတယ်။ စခန်းတော့ သိမ်းလို့မရခဲ့ဘူး။"

အခုလို အကျအဆုံးရှိတယ်ဆိုပေမဲ့ အစိုးရဘက်ကတော့ ဒီတိုက်ပွဲနဲ့ ပတ်သက်လို့ တစုံတရာသတင်းထုတ်ပြန်မှုမရှိပါဘူး။ စခန်းသိမ်းဖို့ အခြေအနေပေးချိန်မှာ အစိုးရဘက်က စစ်ကူတွေဝင်လာတာကြောင့် ALA စစ်ကြောင်းတွေ ပြန်ဆုတ်ခဲ့ရတယ်လို့ သိရပါတယ်။ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ဘက်တွေမှာ စစ်ရေးအရတင်းမာမှုတွေကြောင့် ရခိုင်ပြည်နယ်ဘက်မှာလည်း ALA က တိုက်ပွဲတွေ စတင်လာတာ ဖြစ်တယ်လို့ ခိုင်သုခက ဆိုပါတယ်။

"ကျနော်တို့ ဘ၀တူ တော်လှန်ရေး အဖွဲ့အစည်းတွေနဲ့ ပေါင်းပြီး စစ်ရေးအရှိန်မြှင့်မယ်ဆိုတဲ့ ၂၀၁၁ အတွင်း ရခိုင်ပြည် လွတ်မြောက်ရေး တပ်မတော် စစ်ရေးအရှိန်မြှင့်တာ တခုရယ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ အဲဒီစခန်းကို သွားတိုက်တဲ့ တခြားအကြောင်းရင်း တခုကတော့ မနက်မိုးလင်း ၄ ရက်က ဗမာပြည်လွတ်လပ်ရေးနေ့ ဖြစ်နေတယ်။ အဲဒီ လွတ်လပ်ရေးဟာ အုပ်ချုပ်သူ လူတန်းစားတစုရဲ့ လွတ်လပ်ရေးပဲ ဖြစ်နေတယ်။ ကျနော်တို့ ရခိုင်တွေအတွက် အဲဒီလွတ်လပ်ရေးဟာ စစ်မှန်တဲ့ လွတ်လပ်ရေးမဟုတ်ဘူး။ အဲဒါကြောင့် ရခိုင်ပြည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရမယ်ဆိုတာ အချက်ပြတာဖြစ်တယ်။"

ALA စစ်ကြောင်းတွေဟာ မကြာခဏဆိုသလို ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တဝိုက် ဝင်ထွက်သွားလာမှုတွေရှိပြီး စစ်အစိုးရတပ်တွေနဲ့ မကြာခဏတိုက်ပွဲတွေရှိခဲ့ပေမဲ့ အခုလို စခန်းသိမ်းဖို့ကြိုးစားတာမျိုး အရင်ကမရှိခဲ့ပါဘူး။ နယ်စပ်တိုက်ပွဲတွေကြောင့် ဒေသခံတွေ အတင်းအဓမ္မလုပ်အား စေခိုင်းခံရတယ်လို့ ခိုင်သုခက ဆက်ပြောပါတယ်။

"လူထုကတော့ အထိနာတာပေါ့ဗျာ။ နောက်ဆုံး ဒီ ၃ ရက်နေ့ က ပလက်ဝတိုက်ပွဲမှာ တိုက်ပွဲပြီးတာနဲ့ ဘေးကရွာတွေက ရွာသားတွေကို အကုန်ပေါ်တာဆွဲပြီးမှ နောက်က စစ်ကူလိုက်လာတဲ့ စစ်ကြောင်းတွေ အတွက် ရိက္ခာတို့၊ လမ်းပြတို့ ခေါ်တာပေါ့။ ပေါ်တာဆွဲတာတော့အများကြီးပဲ။ အခုနောက်ဆုံးရတဲ့သတင်းဆို ပျက်စီးသွားတဲ့စခန်းကိုချက်ချင်းပြန်ပြင်ဖို့ ရွာသားတွေကို အလုပ်ခိုင်းတာတို့၊ ဆက်သွယ်ရေးမြောင်းတွေ ပြန်တူးတာတို့ လုပ်နေပြီလို့သိရတယ်။ ရှေ့တန်းစစ်ကြောင်းတွေက တဆင့်။"

ALA ဟာ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ရဲ့လက်နက်ကိုင်တပ်ဖြစ်ပြီး အင်အား ၁၀၀ ကျော်နဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ ၃ နိုင်ငံ နယ်စပ်အကြား လှုပ်ရှားနေတဲ့ တခုတည်းသော ရခိုင်တပ်ဖွဲ့ ဖြစ်ပါတယ်။

---

## မြေမြှုပ်မိုင်းကိစ္စ ဒီကေဘီအေ ထုတ်ဖော်ပြောဆို

**RFA | ဂျန်နဝါရီ ၈ ။** ။ မြဝတီ-ကော့ကရိတ်ကားလမ်းပေါ်မှာ မနေ့က မြေမြှုပ်မိုင်းတလုံးပေါက်ကွဲခဲ့တာဟာ သူတို့ဆောင်ရွက်ချက် ဖြစ်တယ်လို့ DKBA အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်စောလားဘွယ်က ထုတ်ဖော်ပြောဆိုပါတယ်။

အဲဒီဗုံးကွဲမှုမှာ အနည်းဆုံး လူ ၈ ဦး ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ သတင်းတွေမှာဖော်ပြကြပါတယ်။ ဗိုလ်မှူးချုပ် စောလားဘွယ်ကတော့ အဲဒီလမ်းကြောင်းမှာသွားနေတဲ့ကားတွေဟာစစ်အစိုးရနယ်ခြားစောင့်တပ်ရဲ့ကားတွေဖြစ်ပြီး နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေက အဲဒီမြဝတီလမ်းကြောင်းပေါ်မှာ ပြည်သူတွေကို အာဏာသုံးအင်အားပြသလို လူထုကို ပေါ်တာဆွဲတာတွေရှိတဲ့အတွက် ကာကွယ်တာကတကြောင်း၊ လူထုကိုဖိနှိပ်တဲ့ သူတို့ရဲ့စီးပွားရေးလမ်းကြောင်းကို ဖြတ်ချင်တာက တကြောင်းကြောင့် အခုလို ဆောင်ရွက်ရတာဖြစ်တယ်လို့ ပြောပါတယ်။

ဒီအတောအတွင်းမှာပဲ ဗိုလ်မှူးချုပ် စောလားဘွယ်ရဲ့ အဖွဲ့ကိုစစ်အစိုးရဘက်က အပစ်အခတ်ရပ်စဲရေးဆွေးနွေးဖို့ ကမ်းလှမ်းနေတယ်ဆိုပေမယ့် သူတို့ထိန်းချုပ်ရာ ဝေါ်လေဒေသကို ဒီကနေ့ မနက် ၁၀ နာရီကျော်လောက်ကစပြီး အင်အား ၂ ရာလောက်ရှိတဲ့ စစ်အစိုးရတပ်ရင်း ၂ ရင်းနဲ့ လက်နက်ကြီးတွေ သုံးပြီး တိုက်ခိုက်နေတယ်လို့ အဖွဲ့ရဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် စောလားဘွယ်က RFA ကို ပြောပါတယ်။

ဗိုလ်မှူးချုပ် စောလားဘွယ်ဦးဆောင်နေတဲ့ DKBA အဖွဲ့ဟာ စစ်အစိုးရရဲ့ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးအစီအစဉ်ကို လက်မခံဘဲ ဆက်လက်တိုက်ပွဲဝင်နေတာဖြစ်ကြောင်းနဲ့ လတ်တလော စစ်အစိုးရဘက်က ဆွေးနွေးလာရင်လည်း မဟာမိတ်အဖွဲ့တွေနဲ့ သဘောတူထားတဲ့အတိုင်း ပြည်ထောင်စုကြီးတခု ပေါ်ပေါက်ရေးနဲ့ တိုင်းရင်းသားတွေ တန်းတူအခွင့်အရေးအတွက်ကိုသာ ဦးတည်ဆွေးနွေးမယ်လို့ RFA ကို ပြောပါတယ်။

# ရွေးကောက်ပွဲခံ အမတ်လောင်းများ လွှတ်တော်သစ် ဖွဲ့စည်းနိုင်ရေးမျှော်လင့်

**VOA ၊ ဂျန်နဝါရီ ၆ ။** ။ မြန်မာစစ်အစိုးရက ရွေးကောက်ပွဲတွေကျင်းပခဲ့တာ ၂ လလောက်ကြာလာတဲ့အချိန်မှာ ရွေးချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်တွေကြားမှာတော့ မကြာခင် လွှတ်တော်သစ်တွေ ဖွဲ့စည်းနိုင်မလား မျှော်လင့်နေကြပါတယ်။ မကြာခင် သီတင်းပတ်တွေ အတွင်းမှာကို လွှတ်တော်သစ်တွေ ဖွဲ့စည်းဖို့ ဆင့်ခေါ်နိုင်ဖွယ်ရှိတယ် ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေပေမဲ့လည်း အာဏာပိုင်တွေအနေနဲ့ကတော့ တရားဝင် ထုတ်ဖော် ပြောဆိုတာမျိုး မရှိသေးပါဘူး။ လွှတ်တော်သစ်တွေ ဖွဲ့စည်းနိုင်မယ့် အလားအလာတွေ၊ ရွေးချယ်ခံခဲ့ရတဲ့ကိုယ်စားလှယ်တွေရဲ့ မျှော်လင့်ချက်တွေ ဘယ်လိုရှိနေလဲဆိုတာကိုတော့ ကိုအောင်လွင်ဦးက တင်ပြပေးထားပါတယ်။

စစ်အစိုးရခေါင်းဆောင်တွေ ဦးဆောင်တဲ့ နိုင်ငံရေးပါတီက အများစုပါဝင်တဲ့ ကိုယ်စားလှယ်လောင်းတွေနဲ့ မကြာခင် သီတင်းပတ်တွေအတွင်း လွှတ်တော်ဖွဲ့စည်းတော့မယ်လို့ သတင်းတွေ ထွက်နေပေမဲ့ အာဏာပိုင်တွေက တိတိကျကျကြေညာတာမျိုးတော့ မရှိသေးဘဲဖြစ်နေတာပါ။ ဒါပေမဲ့လည်း နိုဝင်ဘာ ရွေးကောက်ပွဲအတွင်း ရန်ကုန်တိုင်း အမျိုးသားလွှတ်တော် အမှတ် ၄ မဲဆန္ဒနယ်မြေမှာ အနိုင်ရခဲ့တဲ့ အမျိုးသား ဒီမိုကရေစီအင်အားစု (NDF) က ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏ်စိုးကတော့ စစ်အစိုးရရဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရကို မကြာခင် ခေါ်ယူရမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

"သူ့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာကို ပါပါတယ်။ ၂၁ ရက်ကြိုတင်ပြီး ဖိတ်ကြားရမယ်ဆိုတာ ပါပါတယ်ခင်ဗျ။ လွှတ်တော် ကျင်းပမယ့်နေ့ရက်ကနေ ၂၁ရက်ကြိုတင်ပြီးဖိတ်ကြားရမယ်ဆိုတော့အကယ်၍များ ၂၇၊ ၂၈ လောက်မှာ လွှတ်တော်တွေ ခေါ်မယ်ဆိုရင် သိပ်မကြာမတင် အချိန်မှာပဲ ဖိတ်ကြားလွှာတွေကို ပို့လိမ့်မယ်လို့ ကျနော်တို့လည်း ယုံကြည်ပါတယ်။"

၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ဆိုရင်တော့ ရွေးကောက်ပွဲတွေက ထွက်ပေါ်လာတဲ့ ကိုယ်စားလှယ်တွေနဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး လွှတ်တော်ဆိုပြီး လွှတ်တော် ၃ ရပ်ကို ဖွဲ့စည်းသွားရမှာပါ။ လွှတ်တော်သစ်ခေါ်ယူရေးအတွက် အစောဆုံးအဖြစ် ဒီလ ဇန်နဝါရီ ၂၇ ရက် ဒါမှမဟုတ်ရင်လည်း ဖေဖော်ဝါရီလဆန်းပိုင်းမှာ ဖြစ်နိုင်တယ်လို့လည်း လွှတ်တော်ကိုယ်စားလှယ် တဦးဖြစ်တဲ့ ဒေါက်တာမြတ်ဉာဏ်စိုးက ပြောပါတယ်။

ဒီလိုပဲ စစ်အစိုးရခေါင်းဆောင်တွေ ဦးဆောင်ဖွဲ့စည်းပြီး နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲအတွင်း လွှတ်တော်အမတ်နေရာပေါင်း ၁,၁၅၄ နေရာ ရှိတဲ့အနက်က ၈၄၂ နေရာ၊ ၇၇% နီးပါးအထိ အနိုင်ရတယ်လို့ဆိုထားတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တဦးလည်းဖြစ်၊ ထိပ်တန်းစီးပွားရေး လုပ်ငန်းရှင်တဦးလည်းဖြစ်တဲ့ ဇေကမ္ဘာဦးခင်ရွှေကလည်း အလားတူ လွှတ်တော်အဆင့်ဆင့် ခေါ်ယူဖို့ သတင်းတွေ ထွက်နေပေမဲ့ တရားဝင် အသိပေးအကြောင်းကြားတာမျိုးတော့ မရှိသေးဘူးလို့ ဆိုပါတယ်။

"ကြားတာကတော့ ၁၄ လောက်ကို ပြည်သူ့လွှတ်တော်၊ ၂၁ လောက်ကို အမျိုးသားလွှတ်တော်၊ နောက်တော့မှ ပြည်ထောင်စုလွှတ်တော်၊ ဒီလထဲမှာ အပြီးခေါ်မယ်လို့တော့ ကြားတယ်။ တရားဝင်တော့ မထွက်လာသေးပါဘူး။ အခုချိန်ထိတော့ ဘာမမပို့သေးတော့ ပြောရခက်တာပေါ့။"

အာဏာပိုင်တွေဘက်က တရားဝင် အသိပေးအကြောင်းကြားတာမျိုးမရှိသေးဘူးဆိုပေမဲ့ လွှတ်တော်တွေ ဖွဲ့စည်းဖို့နဲ့ အစိုးရသစ်မှာ ဦးဆောင်မယ့် သူတွေအဖြစ် ကိုယ်စားလှယ်အများစု ပါဝင်တဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက စစ်တပ်အရာရှိဟောင်းတချို့ကို ကြိုတင်စဉ်းစား ရွေးချယ်ထားတာမျိုးတောင် ရှိနေပြီဖြစ်တယ်လို့လည်း သတင်းတွေ ထွက်ပေါ်နေတာပါ။ ပြီးခဲ့တဲ့ ဒီဇင်ဘာလထဲမှာပဲ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်တွေ စစ်အစိုးရရုံးစိုက်ရာ နေပြည်တော်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပြင်ဆင်မှုတွေ လုပ်ခဲ့တာလို့လည်း ဆိုကြပါတယ်။

အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ရဲ့အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြတ်ဉာဏ်စိုးကတော့ဒီလိုကြိုတင်အစီအမံတွေရှိနှင့်ပြီးဖြစ်နေတာမို့ လွှတ်တော်တွေ၊ အစိုးရသစ်တွေ ဖွဲ့စည်းရေးဟာ အချိန်တိုအတွင်းမှာပဲ ဖြစ်နိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ပြောပါတယ်။

"စစချင်းကတော့ ဟုတ်ပါတယ်၊ အစိုးရသစ်တရပ် ဖွဲ့စည်းရေးပေ့ါ၊ ဒါကိုပဲ သွားရမယ်ထင်ပါတယ်။ အဲတော့ လွှတ်တော်တခုချင်းစီကနေ ဒုတိယသမ္မတတွေကို ရွေးကောက်ပြီး တင်မြှောက်လိုက်မယ်၊ ဒုတိယသမ္မတတွေထဲကမှ သမ္မတကိုရွေးပေ့ါနော်။ ရွေးပြီးရင်သမ္မတက အစိုးရအဖွဲ့ဖွဲ့၊ တပြိုင်နက်တည်းမှာပဲ လွှတ်တော် ဥက္ကဋ္ဌတွေကိုရွေးချယ်ရမှာဖြစ်ပါတယ်။ ရွေးချယ်ပြီးတဲ့အခါကြမှ လွှတ်တော်ဥက္ကဋ္ဌတွေကရှိနေမယ်။ ပြီးတော့ ဒုတိယသမ္မတတွေရှိမယ်။ အဲဒါကတော့ ကျနော်ထင်ပါတယ်၊ လျာထားတာလေးတွေကလည်း ကြားပြုနေတာရှိတော့ တလအတွင်းလောက်များ ပြီးပြတ်သွားမလားတော့ မသိဘူး။"

နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် ကျင်းပတဲ့ ရွေးကောက်ပွဲတွေကနေ အုပ်ချုပ်ရေးပုံစံအသစ် ထွက်ပေါ်လာဖို့ ရှိနေပေမဲ့လည်း စစ်အစိုးရက ကမကထလုပ် ရေးဆွဲတဲ့ အခြေခံဥပဒေအရ စစ်တပ်က လွှတ်တော်နေရာ ၂၅% ကို ထိန်းချုပ်ထားမှာဖြစ်သလို ရွေးကောက်ပွဲအတွင်းမှာလည်း စစ်အစိုးရဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်ထားတဲ့ နိုင်ငံရေးပါတီက အသာရထားတယ် ဆိုတဲ့အတွက် နိုင်ငံရေးအပြောင်းအလဲတွေထူးထူးခြားခြားထွက်ပေါ်လာနိုင်ပါ့မလားသံသယတွေလည်း ရှိနေကြတာပါ။

၁၉၉၀ ပြည့်နှစ်မှာ နောက်ဆုံးကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ တခဲနက် အနိုင်ရခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကတော့ လွတ်လပ်ပြီး တရားမျှတတဲ့အခြေအနေမျိုးတွေ ရှိမှာမဟုတ်ဘူးဆိုပြီး ရွေးကောက်ပွဲမှာမပါဝင်ဖို့ ဆုံးဖြတ်ခဲ့တာလည်းဖြစ်ပါတယ်။

# ဗိုလ်မှူး စောလှဘွယ် ဦးဆောင်တဲ့ DKBA နဲ့ ဆွေးနွေးလိုတယ်လို့ နအဖကမ်းလှမ်း

**VOA ၊ ဂျန်နဝါရီ ၇ ။** ။ ထိုင်း-မြန်မာနယ်စပ်မှာ မြန်မာစစ်အစိုးရနဲ့ ၂ လကြာ တိုက်ပွဲတွေ ဖြစ်ပွားနေတဲ့ ဒီကေဘီအေ ခေါ် တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်ရဲ့ ခေါင်းဆောင် ဗိုလ်ချုပ်စောလားဘွယ် (ခ) ဗိုလ်ချုပ် နတ်ခမ်းမွေးအဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးလို တယ်လို့မြန်မာစစ်အစိုးရဘက်က ကမ်းလှမ်းမှုတွေ လုပ်လာပါတယ်။ ဒီလို ဆွေးနွေးရင်တော့ သူတို့တဖွဲ့တည်းရဲ့ ဆန္ဒအရ လုပ်မှာမဟုတ်ဘဲ တိုင်းရင်းသားပေါင်းစုံနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပါ မြန်မာ့အရေးဆွေးနွေးဖို့လိုလားကြောင်း ဒီကေဘီအေဘက်ကပြောဆိုပါတယ်။ အပြည့်စုံကို ဆက်သွယ်စုံစမ်းထားတဲ့ မအေးအေးမာကသတင်းပေးပို့ထားပါတယ်။

ထိုင်း-မြန်မာနယ်စပ်မှာတော့ စစ်အစိုးရရဲ့ ရွေးကောက်ပွဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရတိုင်းရင်းသားတွေကိုနယ်ခြားစောင့်တပ်လုပ်ခိုင်းတာကို လက်မခံရာကစလို့ နယ်စပ်မှာ ၂ လကြာ တိုက်ပွဲတွေဖြစ်နေတဲ့ အပစ်ရပ်အဖွဲ့တခုဖြစ်တဲ့ ဒီကေဘီအေကို မြန်မာစစ်အစိုးရဘက်က ဗိုလ်အဆင့်ရှိသူတဦးက - ဗိုလ်ချုပ်သက်နိုင်ဝင်းက စကားပြောဆိုမှုလုပ်ချင်တယ်-ဆိုပြီး ဒီကနေ့မှာ ဖုန်းနဲ့ကမ်းလှမ်းလာကြောင်း ဒီကေဘီအေက ဗိုလ်ချုပ်နတ်ခမ်းမွေးက အခုလို ပြောပြပါ တယ်။

"အဲဒီမှာ တာဝန်ရှိတဲ့သူ တယောက်ယောက်ပေါ့၊ ဖုန်းနဲ့ဆက်လာတယ်။ စကားပြောချင်တယ်။ အဲဒီမှာ စကားပြောဖို့ကို ဗိုလ်ချုပ်သက်နိုင်ဝင်းက ပြောချင်တယ်လို့ သိရတယ်။"

တွေ့ဆုံဆွေးနွေးချင်တာကတော့ အကြောင်းအမျိုးမျိုးတွေ ရှိနိုင်ကြောင်း၊ နယ်စပ်မှာဆိုရင် ဝါလေဒေသဘက်မှာ စစ်တပ်ဘက်ကရိက္ခာတွေ ပြတ်လက်လာတာ၊ တပ်သားတွေ ထွက်ပြေးမှုတွေ ဖြစ်လာတွေရှိလာပြီး ပရိယာယ်တခုအရလည်း ဖြစ်နိုင်တယ်လို့ ဒီကေဘီအေ ဘက်က သုံးသပ်ပါတယ်။ တွေ့ဆုံဆွေးနွေးမယ်ဆိုရင် သူတို့ရဲ့ လိုလားချက်တွေကို တောင်းဆိုမယ်လို့လည်း ဆိုပါတယ်။

"တွေ့မယ်ဆိုရင်တော့ ကျနော်တို့ တမျိုးသားတည်းတဖွဲ့ချင်းအတွက်တော့ ကျနော် လုံးဝလက်မခံဘူး။ ဒါပေမဲ့ ရေရှည်လုပ်မယ်ဆိုရင်တော့ စစ်ရေးအရရှင်းမယ်ဆိုရင်လဲ စစ်ရေးနဲ့ရှင်းမယ်ပေါ့၊ နိုင်ငံရေးအရ ရှင်းမယ်ဆိုရင်လဲ နိုင်ငံရေးအရ ရှင်းမယ်ပေါ့။ ကျနော်တယောက်တည်း တဦးတည်းတော့ ရှင်းလို့မရဘူး။ အဲဒီမှာ အားလုံးတိုင်းရင်းသားပြည်သူတွေ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကျန်တဲ့အဖွဲ့အစည်းတွေ အားလုံးပါမှာပေါ့။ လက်ခံပြီးဆွေးနွေးလို့ရမှာပေါ့။ ဒီမိုကရေစီအခွင့်အရေးတွေပဲလေ။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်တွေအားလုံးပေါ့။ ပြည်ထောင်စုတိုင်းရင်းသားတွေ အားလုံးအတွက်ပဲ။ ကျနော်တို့ ညှိနှိုင်းပြီးတော့ပြောရမှာပေါ့။" တွေ့ဆုံစကားပြောဆိုမှုကို ဘယ်နေရာမှာလုပ်မလဲလို့ မေးတဲ့အခါမှာတော့ -

"စဉ်းစားတာကတော့ ကျနော်တို့ ရှိတဲ့နေရာပေါ့။ ကျနော့်ဆီကိုတော့ လာရမှာပေါ့။ နယ်စပ်တနေရာပေါ့နော်။"

ပြီးခဲ့တဲ့ရက်ပိုင်းတွေတုန်းကတော့ ထိုင်းနိုင်ငံဘက်ကိုရောက်လာမယ်ဆိုရင် ဗိုလ်ချုပ်နတ်ခမ်းမွေးကို စစ်အစိုးရကဖမ်းဆီးပေးဖို့ တောင်းဆိုထားတယ်ဆိုတဲ့ သတင်းတွေလည်းဒီကေဘီအေဘက်က ကြားသလို ဒီကေဘီအေတွေ မငြိမ်သက်သေးဘူးဆိုရင် မဲဆောက်-မြဝတီချစ်ကြည်ရေးတံတားပြန်ဖွင့်ဖို့ လုပ်ပေးမှာမဟုတ်ဘူးလို့ မြန်မာဘက်က အကျပ်ကိုင်မှုတွေရှိနေကြောင်း ကုန်သည် သတင်းရပ်ကွက်တွေကလည်း ကြားနေရပါတယ်။ နယ်စပ်တံတား ဖွင့်လိုက်ပိတ်လိုက်လုပ်တာဟာ မြန်မာစစ်အစိုးရက ထိုင်းကို ကစားကွက်တခုသာဖြစ်ကြောင်း၊ သူနဲ့မဆိုင်ကြောင်း ဗိုလ်ချုပ်နတ်ခမ်းမွေးက ပြောပါတယ်။

"အဲဒီဥစ္စာက သူတို့ညစ်တာပဲ။ သူတို့ ထိုင်းကိုပိတ်တာ ကျနော်နဲ့ဘာမှမဆိုင်ဘူး။ ဟိုးအရင်ကလည်း ဒီလိုပဲ။"

တကယ်ပဲ စစ်အစိုးရဘက်က တရားဝင် တွေ့ဆုံစကားပြောဖို့ တောင်းဆိုလာခဲ့မယ်ဆိုရင် ယုံကြည်မှုတွေ ရှိပါသလားလို့ မေးတော့ -

"အခုအခြေအနေအရ ကြည့်မယ်ဆိုရင်တော့ ကျနော်တဦးတယောက်တည်းအမြင်ဆိုရင်တော့ ယုံကြည်မှု လုံးဝမရှိပါဘူး။ အဲဒါသူတို့က လူထုကို အကာအကွယ်ယူပြီးတော့မှ ကျနော်တို့ကို စစ်ဆင်ရေးလုပ်လာတဲ့ပုံစံ။ နောက်ပြီးတော့ လူထုကြားထဲမှာပဲ ခိုအောင်းပြီးအကာအကွယ်ယူနေတာပဲ တွေ့နေရတာပဲ။"

သူ့အနေနဲ့ လက်နက်ချမှုတွေ လုပ်မှာမဟုတ်ကြောင်းကိုလည်း ပြောသွားပါတယ်။

"ကျနော်တို့က လက်နက်ချဖို့ ကျနော်တို့မှာမရှိဘူး။ ကျနော်တို့လုပ်တာ ကျနော့် ကိုယ်ကျိုးအတွက် မဟုတ်ဘူး။ အများပြည်သူလူထုအတွက်ပဲ။"

မြန်မာစစ်အစိုးရဘက်က အခုလိုမျိုး တွေ့ဆုံဆွေးနွေးလိုတဲ့လေသံတွေ ပစ်နေပေမဲ့ တဖက်မှာလည်း ဒီကေဘီအေနဲ့တိုက်ပွဲတွေဆက်ဖြစ်နေပါတယ်။ ၆ ရက်နေ့ ညနေပိုင်းမှာပဲ ဒီကေဘီအေပိုင်တဲ့တောင်ကုန်းတကုန်းကို တက်သိမ်းဖို့ကြိုးစားရင် တိုက်ပွဲတွေဖြစ်ခဲ့ရတယ်လို့လည်း ဒီကေဘီအေတပ်မှူးတဦးက အခုလို ပြောပါတယ်။

"မနေ့ကညနေပိုင်းမှာ တိုက်ပွဲဖြစ်တယ်။ ညနေမွန်းလွဲ တနာရီကျော်မှာလေ။ အဲဒီ ထူးထူးလေး အရှေ့နားရဲ့အဝင် ဘုန်းကြီးကျောင်းအရှေ့နားမှာ တောင်ကုန်းတွေရှိတယ်။ အဲဒီနေရာမှာ တောင်ကုန်း ၂ ကုန်းရှိတယ်။ အဲဒီနေရာကို သူတို့ တက်သိမ်းဖို့လုပ်တဲ့အချိန်မှာ သူတို့ မိုင်းတလုံး နင်းမိတယ်။ ကျည်ဆံနဲ့ပစ်တာက သုံးယောက်ထိတယ်။"

မြန်မာအစိုးရတွေဟာ ခေတ်အဆက်ဆက်မှာ တိုင်းရင်းသားတွေကို ကတိကဝတ်တွေ ပေးပြီး တွေ့ဆုံစကား ပြောခဲ့တဲ့ သာဓကတွေ ရှိခဲ့ပေမဲ့ ကတိမတည်ဘဲ ပြန်လည်တိုက်ခိုက်တာတွေ၊ ပရိယာယ်သုံးပြီး ဖြိုခွဲမှုတွေလုပ်ခဲ့တာရှိတာကြောင့် တိုင်းရင်းသားတွေရဲ့ ယုံကြည်မှုတွေ မရရှိခဲ့ပါဘူး။ လွတ်လပ်ရေးရပြီးကတည်းက တိုင်းရင်းသားတွေဟာ ငြိမ်သက်မှုမရှိဘဲ ပြည်တွင်းစစ် ဖြစ်နေတာတွေစာလည်း ဒီကနေ့အထိ ဖြစ်နေသေးသလို တည်ငြိမ်မှုရဖို့ ပြန်လည်သင့်မြတ်ဖို့အတွက် ကြိုးစားခဲ့ပေမဲ့ မြန်မာပြည်ထဲနေ တိုင်းရင်းသားအချင်းချင်း တိုက်ခိုက်မှုတွေ ဆက်လက်ဖြစ်ပေါ်နေခဲ့ပါတယ်။

# ၆၃ ကြိမ်မြောက် ကချင်ပြည်နယ်နေ့ စည်ကားမှုမရှိ

**RFA । ဂျန်နဝါရီ ၈ ။** ။ ၆၃ ကြိမ်မြောက် ကချင်ပြည်နယ်နေ့နဲ့ ကချင်ရိုးရာမနောပွဲကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်မှာ မနေ့က စတင်ကျင်းပနေပါတယ်။ အခုနှစ်ကျင်းပတဲ့မနောပွဲဟာ အရင်နှစ်ကထက်လာရောက်သူနည်းပါးတဲ့အတွက် စည်ကားမှုမရှိဘူးလို့ သိရပါတယ်။

မနောပွဲကိုမနေ့ကမနက်၈နာရီမှာမြစ်ကြီးနားခရစ်ယန်အသင်းကောင်စီက မနောကွင်းမုတ်ဝမှာ ဆုတောင်းပွဲပြုလုပ်ပြီး စတင်ဖွင့်လှစ်ခဲ့တာပါ။ တချိန်တည်းမှာ ဈေးရောင်းပွဲတော်ကိုလည်း စတင်ခဲ့ပြီး ညပိုင်းမှာ ကချင်ရိုးရာနဲ့ခေတ်ပေါ်တေးဂီတဖျော်ဖြေရေး အစီအစဉ်တွေပြုလုပ်ခဲ့ပါတယ်။

ဒီပွဲကို နှစ်စဉ် မြန်မာနိုင်ငံတဝှမ်းက ကချင်တိုင်းရင်းသားတွေအပြင် နိုင်ငံခြားရောက်ကချင်လူမျိုးတွေလည်း လာရောက်လေ့ရှိပေမယ့် အခုနှစ်မှာ အရင်နှစ်တွေကလောက် စည်ကားမှုမရှိတော့ဘူးလို့ မြစ်ကြီးနားမြို့ခံတယောက်က ပြောပြပါတယ်။

"အဝေးကလူတွေရောက်လာတာမတွေ့ဘူး။ တကယ်ဆို ဒီနေ့အထိတော့ ဧည့်သည်တွေရောက်ရမှာလေ။ အရင်တုံးကဆို တရုတ်ပြည်ကလည်းလာတယ်၊ အခုဒီနှစ်မလာဘူး။ ကေအိုင်အေလည်း မလာဘူး။ တခြားလူတွေလည်း သိပ်မလာကြပါဘူး။ ခါတိုင်းနှစ်နဲ့ မတူတော့ဘူး။ ကျမတို့လည်းမခံစားတတ်တော့ဘူး။ ဘယ်လိုပြောရမှန်းကို မသိဘူး။ ဈေးကတော့ရောင်းနေကြပါတယ်။ တခြားစတိတ်ရှိုးတို့ အားလုံးကတော့ လုပ်ပါတယ်။ ဒါပေမယ့် လူမများတာ၊ လူမစည်တာပေ့ါနော"

ကချင်ပြည်နယ်နေ့နဲ့ရိုးရာမနောပွဲကို ဇန်နဝါရီလ ၇ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ ကျင်းပမှာဖြစ်ပါတယ်။ ခါတိုင်းနှစ်တွေက ဒီလိုပွဲမျိုးကို ကချင်တိုင်းရင်းသားတွေသာပါဝင်တဲ့ မနောကော်မီတီက ဦးစီးပြီး လွတ်လွတ်လပ်လပ်ကျင်းပကြတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနှစ်တော့ အဲဒီ မနောကော်မီတီကို မြောက်ပိုင်းတိုင်းရဲ့ထိန်းချုပ်မှုအောက်ကနေ လုပ်ရတာဖြစ်တယ်လို့ မြစ်ကြီးနားဒေသခံ ကချင်အမျိုးသားတယောက်က ပြောပါတယ်။ ကချင်တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ရိုးရာပွဲတွေကို ကိုယ်တိုင် လွတ်လွတ်လပ်လပ် ကျင်းပခွင့်ရှိရမယ်လို့ ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝါကဆိုပါတယ်။

"မနောပွဲဆိုရင် ကချင်လူမျိုးတွေအတွက် အရေးကြီးတဲ့ပွဲတော်တခုဖြစ်တယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ် ကျင်းပခွင့်ရှိရမယ်။ လွတ်လွတ်လပ်လပ် ကချင်လူမျိုးများရဲ့ဆုံးဖြတ်ချက်စီစဥ်ခွင့်တွေရှိရမယ်။ အခုကတော့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့လက်အောက်မှာလုပ်နေတဲ့သဘောမျိုးဖြစ်တယ်ဆိုတော့ လွတ်လွတ်လပ်လပ် ကျင်းပခွင့်မရှိဘူး။ ဒါကိုတော့ လုံးဝသဘောမကျပါဘူး၊ ကော်မီတီထဲမှာတော့ နေရာမယူဘူး၊ ဒါပေမယ့် ကော်မီတီရဲ့ဆုံးဖြတ်ချက်ဟာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ လုပ်နေရတဲ့ သဘောမျိုးဖြစ်တယ်"

ပြီးခဲ့တဲ့နှစ်တွေက ကချင်ပြည်နယ်နေ့နဲ့ ကချင်ရိုးရာမနောပွဲမှာ KIA ကချင်လွတ်လပ်ရေး တပ်မတော်နဲ့ N-DAK ဒီမိုကရေစီသစ်တပ်မတော်အဖွဲ့တွေပါ ယူနီဖောင်းဝတ်စုံတွေ၊ လက်နက်တွေနဲ့အတူ လာပြီး မနောကကြတဲ့အပြင် ပြည်တွင်းပြည်ပ ကချင်တိုင်းရင်းသားတွေလည်း ပါဝင်ဆင်နွှဲခဲ့ကြပြီး စည်ကားခဲ့ပါတယ်။

ကချင်တိုင်းရင်းသား အဖွဲ့အစည်းတွေထဲက အင်အားအကြီးဆုံး ကချင်လွတ်လပ်ရေးအဖွဲ့နဲ့ မြန်မာစစ်အစိုးရအကြား နယ် ခြားစောင့်တပ်အသွင်ပြောင်းရေးနဲ့ပတ်သက်ပြီး ဆက်ဆံရေးတင်းမာလာတာက တကြောင်းနဲ့ ဒီပွဲကို စစ်အစိုးရထိန်းချုပ်မှုအောက်မှာ ကျင်းပရတာကြောင့် အခုလို စည်ကားမှုလျော့နည်းရတာဖြစ်တယ်လို့ ဒေသခံကချင်တိုင်းရင်းသားတွေကပြောပါတယ်။

---

## CRPP အစည်းအဝေး NLD ရုံးချုပ်မှာကျင်းပ

**RFA । ဂျန်နဝါရီ ၇ ။** ။ ဒီကနေ့ ဇန်နဝါရီ ၇ ရက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ရဲ့ လပတ်အစည်းအဝေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးကို မြန် မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ စီအာပီပီ အတွင်းရေးမှူး ဦးအေးသာအောင်အပါအဝင် စုစုပေါင်း ၁၁ ဦး တက်ရောက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဒီအစည်းအဝေးမှာ ပြီးခဲ့တဲ့လပိုင်းက ရခိုင်ပြည်နယ်အတွင်း တိုက်ခတ်သွားခဲ့တဲ့ဂီရီမုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်းတွေနဲ့လာမယ့် ပြည်ထောင်စုနေ့ကျင်းပရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြောင်း စီအာပီပီ အတွင်းရေးမှူး ဦးအေးသာအောင်က RFA ကို ပြောပြပါတယ်။

"ပြီးခဲ့တဲ့အစည်းအဝေးရဲ့ဆုံးဖြတ်ချက်တွေထဲကအကောင်အထည်ဖော်နိုင်တဲ့ ဂီရီမုန်တိုင်းသင့်ဒေသကို ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီးတော့ NLD အဖွဲ့ဝင်တွေ၊ တသီးပုဂ္ဂလကိုယ်စားလှယ်အဲဒီလူတွေနဲ့သွားခဲ့တဲ့ခရီးစဉ်ကို ကျွန်တော်ရှင်းပြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကဆွေးနွေးတဲ့အခါမှာ ဒီခရီးစဉ်ကိုအောင်မြင်တဲ့ခရီးစဉ်တခုဆိုတာလည်း သူသုံးသပ်လို့ရတယ် ဆိုတဲ့အကြောင်း၊ နောက် အဓိကကတော့ ပြည်ထောင်စုနေ့ကို ဘယ်လိုကျင်းပမယ်၊ ပြည်ထောင်စုနဲ့ပတ်သက်တဲ့ ပြည်ထောင်စုစိတ်ဓာတ်လိုဟာ မျိုးကို စာတမ်းလေးတစောင်ထွက်ဖို့ပေ့ါ၊ အဲဒါတွေကိုလည်း ဆွေးနွေးဖြစ်ပါတယ်။"

ပြီးခဲ့တဲ့ ဂီရီမုန်တိုင်းကယ်ဆယ်ရေးအတွက် ရခိုင်ပြည်ကို သွားရောက်ခဲ့တဲ့ ရခိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ALD ခေါင်းဆောင် ဦးအေးသာအောင်က လုပ်ဆောင်ခဲ့တဲ့အခြေအနေတွေကို CRPP ကို ပြန်လည် အစီရင်ခံခဲ့ပါတယ်။ ဒါ့အပြင် မုန်တိုင်းကယ်ဆယ်ရေးအတွက် နိုင်ငံတကာအကူအညီရရှိရေးကိစ္စတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

လာမဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာကျရောက်မဲ့ ပြည်ထောင်စုနေ့မတိုင်မီ ပြည်ထောင်စုစိတ်ဓာတ်နဲ့ပတ်သက်တဲ့ စာတမ်းတစောင်အတွက်လည်း ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ CR PP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ၁၉၉၈ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရနိုင်ငံရေးပါတီ ၁၁ ပါတီက ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

# ပါတီဖျက်သိမ်းမှု အယူခံလွှာ ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ထိုး

**RFA ၊ ဇန်နဝါရီ ၆ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စစ်အစိုးရအပေါ် တရားစွဲဆိုထားတာကို ဗဟိုတရားရုံးက ပယ်ချလိုက်တာနဲ့ ပတ်သက်ပြီး အယူခံတင်ဖို့ အသင့်ဖြစ်ပြီလို့ NLD ပါတီရဲ့ ရှေ့နေတွေက RFA ကို ပြောပါတယ်။ ဒီကနေ့ ဇန်နဝါရီ ၆ ရက် မနက် ၁၀ နာရီက ပါတီဗဟိုဥပဒေအထောက်ကူပြု အဖွဲ့ဝင်များနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ ဆွေးနွေးပြီး ဆုံးဖြတ်လိုက်တာပါ။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် တရားဝင် ရပ်တည်ခွင့်အတွက် တရားရုံးသို့ တင်ပြလျှောက်ထားသည့် အမှုနှင့်ပတ်သက်၍ ပါတီအထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့နေ ဦးညဏ်ဝင်းတို့ နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့၊ ဗဟိုတရားရုံးချုပ်သို့ သွားရောက်ခဲ့ကြပါသည်။

ဒီကနေ့ ဆွေးနွေးပွဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရှေ့နေများဖြစ်တဲ့ ဦးကြည်ဝင်း၊ ဦးညဏ်ဝင်း၊ ဦးကျော်ဟိုးနဲ့ ဒေါ်ခင်ဌေးကြွယ်တို့ ဆွေးနွေးကြတာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲမှာ NLD ပါတီဆက်လက်ရပ်တည်ရေးအတွက် စစ်အစိုးရကို တရားဆွဲခဲ့တာကို ဗဟိုတရားရုံးက ပယ်ချတာနဲ့ပတ်သက်ပြီးပြန်လည်တင်ဖို့အတွက် ဥပဒေအထောက်အကူပြုအဖွဲ့က ပြုစုထားတာတွေကို ဒေါ်အောင်ဆန်းစုကြည်ကို တင်ပြဆွေးနွေးတာဖြစ်ပါတယ်။

ဗဟိုတရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ လုပ်ထုံးလုပ်နည်းတင်မကပဲ တည်ဆဲဥပဒေများနဲ့ ကိုက်ညီမှုမရှိဘူးလို့ ရှေ့နေ ဦးညဏ်ဝင်းက ပြောပါတယ်။

"နံပါတ် ၁ က ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့လည်း မညီညွတ်ဖူး၊ နံပါတ် ၁ အချက်။ နံပါတ် ၂ အချက်က general clauses act ပေါ့၊ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း ဥပဒေ၊ အဲဒီ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ မညီညွတ်ဖူး။ ဒီနှစ်ခုကို အဓိကအခြေပြုဖို့ ကျွန်တော်တို့ ညှိနှိုင်း သဘောတူကြပါတယ်။ အယူခံအကြောင်းပြချက်တို့ ဘာတို့ ဒါတွေနဲ့ ပတ်သက်ပြီးတော့ အားလုံး သဘောတူညီမှုရပြီ၊ ဒီပေါ်မှာ စာချောပြုစုပြီးတော့ လိုအပ်တဲ့ တရားရုံးထုံးစံတွေ လုပ်ပြီးတာနဲ့ ချက်ချင်း တင်မှာပါ။"

အယူခံကို ရှေ့လာမဲ့ အပတ်အတွင်း တင်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ အယူခံကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လက်မှတ်ရေးထိုး တင်ပြမှာ ဖြစ်တယ်လို့ သိရပါတယ်။

---

# မရိန်းတပ်ဖွဲ့ဝင် မြန်မာလူငယ်တဦး အာဖဂန်မှာကျဆုံး

**RFA ၊ ဇန်နဝါရီ ၇ ။** ။ အာဖဂန်နစ္စတန်နိုင်ငံမှာ ကမ္ဘာ့အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲဆင်နွှဲနေတဲ့ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တဦးဖြစ်တဲ့ မြန်မာလူမျိုး ကိုဖြိုးသူထိုက်ဟာ တာဝန်ထမ်းဆောင်ရင်းနှစ်ဆန်းတရက်နေ့က ကျဆုံးသွားတဲ့အတွက် ရုပ်အလောင်းကို ဇန်နဝါရီလ ၁၈ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စု အာလင်တန်နိုင်ငံတော်သင်္ချိုင်းမှာ စစ်အခမ်းအနားနဲ့ မြေမြှုပ်သင်္ဂြိုဟ်မယ်လို့ သိရပါတယ်။

အသက် ၂၀ ရှိပြီဖြစ်ပြီး အမေရိကန် မရိန်းတပ်မှာ Sam လို့ လူသိများတဲ့ ကိုဖြိုးသူထိုက်ရဲ့အစ်ကို ကို Daniel ဇေယျာက ညီဖြစ်သူဘယ်လိုကျဆုံးသွားကြောင်း RFA ကို အခုလို ပြောပါတယ်။

"ကျွန်တော်အကြမ်းဖျဉ်းသိသလောက်ကပေါ့နော်၊ သူ့ရဲ့ အောက်ပိုင်းကိုယ်ခန္ဓာ ဒဏ်ရာရရှိသွားတယ်ဆိုတော့ IED မိုင်းဗုံးနဲ့ပဲဖြစ်မယ်ထင်ပါတယ်။ ဒါပေမဲ့ အတိအကျတော့ ကျွန်တော် နောက် တရက်နှစ်ရက်ကြာရင် သိရမယ်ထင်ပါတယ်။ မြေမြှုပ်မိုင်းဖြစ်ဖို့ များပါတယ်။"

ဒီကနေ့ ကိုဖြိုးသူထိုက်ရဲ့ရုပ်အလောင်းကို Delaware ပြည်နယ်က မရိန်းတပ်မှာ သွားရောက်သယ်ဆောင်ပြီး Maryland ပြည်နယ် Frederick မြို့ကို ပို့ဆောင်မယ်လို့ ကိုဇေယျာကပြောပါတယ်။

မနက်ဖြန် အောက်မေ့ဖွယ်အခမ်းအနားကို Frederick မြို့မှာ ပြုလုပ်မှာဖြစ်ပြီး ဇန်နဝါရီလ ၁၈ ရက်နေ့မှာတော့ ဝါရှင်တန်ဒီစီအနီးရှိ အာလင်တန် နိုင်ငံတော်သင်္ချိုင်းမှာ စစ်အခမ်းအနားနဲ့ မြေမြှုပ်သင်္ဂြိုဟ်မှာဖြစ်ပါတယ်။

---

**စာမျက်နှာ ၁၃ မှ**

"သူတို့အမှုကတော့ ပြီးခဲ့တဲ့နှစ် ၂၀၁၀ ဇူလိုင်လမှာ ဒီတရားရုံးကနေပြီးတော့ တရားစွဲတဲ့ CBI နဲ့ ဒီက ကျနော်တို့ ရှေ့နေတွေ၊ အဖွဲ့တွေနဲ့ ညှိနှိုင်းပြီးတော့ ဆုံးဖြတ်ချက်ချပြီးပြီ။ တရားရုံးဆုံးဖြတ်ချက်ချအရ ကျနော်တို့ မြန်မာနိုင်ငံသားတွေဟာ လွှတ်ဖို့ပဲရှိတယ်။ သို့သော်လည်း တရားဝင်နေထိုင်ခွင့်လက်မှတ်တစုံတရာ မရှိတဲ့အတွက် ထိန်းသိမ်းထားတဲ့ သဘောလို့ ယူဆတဲ့အတွက် ကျနော်တို့က National Human Right Commission ကို အကူအညီတောင်းပါတယ်။ လူ့အခွင့်အရေးကော်မရှင်ကလည်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးအတွင်းဝန်နဲ့ ပြည်ထဲရေးဝန်ကြီးအတွင်းဝန်ကို စာပို့ထားပါတယ်။ ဒီစာတွေကို ကျနော်ကပဲ ပို့ပေးရပါတယ်။ ခုနောက်ဆုံးကောင်းတာက ပြီးခဲ့တဲ့ ၂၀၁၀ ကုန်ခါနီးမှာ အိန္ဒိယအစိုးရအနေနဲ့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကနေပြီးတော့ အင်တာဗျူး လုပ်ခွင့်ပြုလိုက်ပါတယ်။ အဲဒီအတွက် ကျနော်တို့ ခရစ်စမတ်မတိုင်ခင်မှာ ယူအန်အိပ်ချ်စီအာ ဒုတိယအကြီးအကဲကနေပြီးတော့ ကလကတ္တားအကျဉ်းထောင်ကို သွားပြီး တော့ အခြေအနေစုံစမ်းတယ်။ အခုဒီတပတ်ကနေ စပြီးတော့ legal officer လို့ခေါ်တဲ့ ဥပဒေရေးရာ အရာရှိတွေက ၃၄ ယောက်ကို စတင်လူတွေ့ စစ်ဆေးခြင်းလုပ်နေပါပြီခင်ဗျ။ အဲ့ဒါဟာ ကောင်းတဲ့ အလားအလာဖြစ်ပါတယ်။ သို့သော်လည်း UNHCR ကလည်း သူ့ရဲ့လုပ်ပိုင်ခွင့်ဆိုတဲ့ mandate ရှိတော့ ကျနော်တို့ မြန်မာနိုင်ငံသားတွေဟာ persons of concern လို့ခေါ်တဲ့ သူတို့ အသုံးနှုန်းနဲ့ အကျုံးဝင်မဝင်ဆိုတာကတော့ ဥပဒေအရာရှိတွေက ဆုံးဖြတ်ပါလိမ့်မယ်။ သို့သော်လည်း ၃၄ ယောက်ထဲမှာ အများဆုံးမဟုတ်ရင်တောင်မှ အကုန်လုံးနဲ့ ဖြစ်နိုင်တယ်လို့ယူဆပါတယ်။ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရရင် ဒီအထောက်အထား စာရွက်တွေ ရစရာလမ်းပွင့်သွားပြီလို့ ပြောနိုင်ပါတယ်ခင်ဗျ။"

မြန်မာစစ်အုပ်စုကို လက်နက်ကိုင်တော်လှန်ခဲ့တဲ့ ကရင်နဲ့ရခိုင်တော်လှန်ရေးသမား ၃၄ ဦးကို မြန်မာစစ်ထောက်လှမ်းရေးနဲ့အတူ အိန္ဒိယစစ်ထောက်လှမ်းရေးဌာနက ဂရေးဝေါ ခေါ် ဦးမျိုးမြင့်တို့ပူးပေါင်းပြီး လက်နက်ရောင်းဝယ်သူများအဖြစ်စွပ်စွဲချက်နဲ့ အိန္ဒိယနိုင်ငံ အန္ဒမန်ကျွန်းအနီးမှာ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်က ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဥပဒေအရ အဖမ်းဆီးခံတော်လှန်ရေးသမား ၃၄ ဦးလွှတ်မြောက် ရေးအတွက် အိန္ဒိယရောက်မြန်မာ့ဒီမိုကရေစီအင်အားစုတွေ ဒီကနေ့ လုပ်ဆောင်ပေးနေတဲ့ နောက်ဆက်တွဲတိုးတက်မှုအနေနဲ့ UNHCR ကနေ ဒုက္ခသည်အဖြစ် အသိမှတ်ပြု ရေးအတွက် အခုလိုမျိုး စတင်ပြီး လူတွေ့ အစစ်ဆေးခံနေကြရတာဖြစ်ပါတယ်။


THE SAD PLIGHT OF MYANMAR
www.taxtoon.com
NO. 493 Dec 31, 2010
New Year Gift ......
2010
2011

# ဝေါ်လေတိုက်ပွဲအတွင်း နအဖတပ်မှ ကလေးစစ်သားအများစု သေးဆုံးခဲ့

**KCI I ဂျန်နဝါရီ ၁၁ ။** ။ ကရင်ပြည်နယ် ဝေါ်လေဒေသတွင် နအဖနှင့် ကရင်တပ်ဖွဲ့ဝင်များအကြား နေ့စဉ် ဖြစ်ပွားနေသည့် တိုက်ပွဲများ၌ နအဖဘက်က ထိခိုက်သေဆုံးသူများထဲတွင် အများစုမှာ ကလေးစစ်သားများဖြစ်ကြသည်ဟု ယမန်နေ့က KNU ထံသို့ ထွက်ပြေးရောက်ရှိလာ သည့် နအဖ ကလေးစစ်သားတဦးက ထုတ်ဖော်ပြောဆိုသည်။

အသက် ၁၇ နှစ်အရွယ် တပ်သားအောင်ကိုလင်းသည် နအဖ စကခ(၈)လက်အောက်ခံ ခမရ(၄၀၉)တပ်ရင်းမှဖြစ်ပြီး ယခုလ ၇ ရက်နေ့မနက် ၄ နာရီတွင် ၎င်း၏တပ်စခန်းမှထွက်ပြေးကာ KNU တပ်ရင်း(၁၀၁) ထံသို့ ယမန်နေ့က ရောက်ရှိလာခြင်းဖြစ်ပြီး ယခုလပိုင်း အတွင်း နအဖနှင့်ကရင်တပ်ဖွဲ့ဝင်များအကြားဖြစ်ပွားခဲ့သည့်တိုက်ပွဲများ၌ ၎င်းကိုယ်တိုင်တွေ့ကြုံခဲ့ရမှုများကို ပြန်လည်ပြောပြခဲ့သည်။

၎င်းက "ကျနော်တို့တပ်ဖွဲ့တွေ အပစ်ခံရပြီဆိုရင် အရင်ဆုံးသေတာ ကျနော့်အရွယ် စစ်သားတွေပါပဲ။ တခေါက်က ဆွဲမိုင်းတွေနဲ့ ကျနော် တို့စစ်ကြောင်း ဝိုင်းပစ်ခံရတယ်။ တခါတည်း အယောက် ၂၀ ကျော်လောက်ထိတယ်။ ခြေပြတ်လက်ပြတ်၊ ရုပ်ပျက် ဆင်းပျက်တဲ့လူတွေလည်းရှိသလို တချို့ကောင်တွေ နှစ်ပိုင်း၊ သုံးပိုင်းပြတ်သွားတဲ့လူတွေလည်းရှိတယ်။ အထူးသဖြင့် ကလေးစစ်သားတွေပါ။ ကျနော်လည်း နည်းနည်းထိတယ်။"ဟု ပြောသည်။

ထိုတိုက်ပွဲများအတွင်း ပွဲချင်းပြီး သေဆုံးသွားခဲ့သည့် စစ်သည်များရှိသလို အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက် လည်း ဆေး ဝါးအလုံအလောက်မရှိသောကြောင့် ဒဏ်ရာများကို ဖြစ်သလို ကုသရပြီး တပ်တွင်းရိက္ခာပြတ်လပ်မှုများကြောင့် ထွက်ပြေးလာရခြင်း ဖြစ်ကြောင်း တိုက်ပွဲပေါင်း ၁၀ခုကျော် တွေ့ကြုံခဲ့ရသူ အောင်ကိုလင်းက ဆိုသည်။

"စခန်းထဲမှာ ရိက္ခာကုန်တာပေါ့နော်။ အထက်ကလည်း ရိက္ခာလာမချပေးဘူး။ လူတွေကလည်းထင်ရာစိုင်းကြပြီး ရွာထဲဆင်း၊ ရွာသားတွေရဲ့ ဆန်ကို အတင်းတောင်းယူစားတယ်။ မရရင် ပေါ်တာဆွဲတယ်။ အဲလို ကိုယ်ထင်ရာကိုယ်စိုင်းနေတဲ့တပ်ရင်းမှာ မနေချင်တော့ဘူး။ စိတ်ကလည်း ကျဉ်းကြပ်တော့ ထွက်ပြေးလာတယ်။ တပ်ထဲမှာတော့ ကျနော့်အရွယ်တပ်သားတွေ ၂၀ ကျော်ရှိတယ်။ သူတို့လည်း အများစုက ထွက်ပြေးချင်နေကြတယ်။"ဟု ပြောသည်။

စစ်သားအဖြစ် အဓမ္မစုဆောင်းခံရသူ စစ်သက်တမ်း ၂ နှစ်ရှိ တပ်သားအောင်ကိုလင်းသည် ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့က ဝေါ်လေကျေးရွာ၌ ဖြစ်ပွားခဲ့သည့် မုဒိမ်းလူသတ်မှုမှာ ၎င်းတို့တပ်ရင်းမှ တပ်ကြပ်ကြီးစိုးသန်းနှင့် သူ၏တပည့် ၃ ဦးတို့၏ လုပ်ရပ်ဖြစ်ကြောင်း အောင်ကိုလင်းက ယခုလို ပြောသည်။

"သူတို့လမ်းမှာ ထိပ်တိုက်တွေ့တော့ ကုပ်ဆွဲလိုက်တယ်။ ဆရာကြီးစိုးသန်းကပထမလုပ်တာပေါ့။ သူကတယောက်ပေါ့နော်။ သူ့နောက်လိုက်တပည့် ၃ယောက်ကတော့ အခြားတယောက်ကိုပေါ့။ ဆရာကြီးလုပ်တဲ့အမျိုးသမီးကိုတော့ ခေါင်းဖြတ်ပြီး သတ်ပစ်လိုက်တယ်။သူ့တပည့်တွေ လုပ်တဲ့တယောက်ကတော့ ဒီအတိုင်းပဲ သတ်လိုက်တယ်။"ဟု ပြောသည်။

ဝေါ်လေဒေသတွင်လှုပ်ရှားနေသည့်နအဖတပ်ရင်းများ၏အခြေချရာစခန်းပတ်ပတ်လည်တွင်ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားတပ်မတော် ABSDF တပ်ဖွဲ့ဝင်များ၏ ဝိုင်းရံထားမှုကြောင့် ရိက္ခာပြတ်လပ်သည့်ပြဿနာများ ကြုံတွေ့နေရသည့်အပေါ်တပ်မှူးတပ်သားများမှာ၎င်းတို့တပ်တွင်းမှမကြာခဏ ထွက်ပြေးလျှက်ရှိသည်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER